# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂဇာက်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဂဇာက်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးချိုးဖြူငှက် ၆၈ ကောင်ကို လွှတ်ပေးကြစဉ်။

# (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနား ကျင်းပ

**ဘားအံ နိုဝင်ဘာ ၇**

(၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေး

*စာမျက်နှာ ၅ ကော်လံ ၁* ❍

**ယနေ့** *ဖတ် စ ရာ*


**ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားရေတပ်မှ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ** ပြည်တွင်းသတင်း စာ ၉

**စွမ်းဆောင်ရည်မြင့်မားရေးနှင့် အသိပညာပြန့်ပွားရေးမှသည် လက်တွေ့အသုံးချရေးဆီသို့** ဆောင်းပါး စာ ၁၀

**ဂါဇာကမ်းမြောင်ဆိုင်ရာ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်များအကြား သဘောထားကွဲလွဲနေဆဲ** နိုင်ငံတကာသတင်း စာ ၁၃

မြန်မာ့အလင်း

## အောင်မြင်နိုင်မည့် နည်းလမ်းများရှာဖွေ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သော “တိုင်းပြည်သာယာဝပြောရေး” နှင့် “စားရေရိက္ခာဖူလုံရေး” တို့အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင်ရန်နှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)ကို နိုဝင်ဘာ ၂ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှု ရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ်ဆောင်ရွက်ကြည့်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” "Keep Moving Forward to Achieve Our Goal" ဆိုသည့်အတိုင်း နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရန်မှာ စိုက်ပျိုးသီးနှံများအလိုက် မြေဧရိယာများကို အပြည့်အဝ စိုက်ပျိုးရေး၊ တစ်ဧကချင်း၏ ထုတ်လုပ်မှုစွမ်းအားများ တိုးတက်ရေး၊ စိုက်ပျိုးသီးနှံများ၏ပန်းတိုင်အထွက်နှုန်းများရရှိရေးနှင့် သီးထပ်စွမ်းအား မြင့်မားရေးတို့ ဆောင်ရွက်ရန်လိုသည်။ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတွင် အထွက်နှုန်းကောင်းပြီး ဒေသနှင့် သင့်လျော်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေအပါအဝင် စိုက်ပျိုးရေးသွင်းအားစုများ အချိန်နှင့်တစ်ပြေးညီ လွယ်ကူစွာရရှိရေး၊ သီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးနိုင်ရန် နည်းပညာများရရှိရေး စသည့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်သလို တောင်သူများအနေဖြင့်လည်း အားသွန်ကြိုးပမ်းဆောင်ရွက်ကြရန် လိုသည်။

မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍတွင် မွေးမြူရေးတောင်သူများက တစ်ပိုင်တစ်နိုင် မွေးမြူခြင်းနှင့် မွေးမြူရေးလုပ်ငန်းရှင်များက စီးပွားဖြစ် မွေးမြူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဘေးကင်းလုံခြုံသည့် အစားအစာများကို ဒေသအလိုက်ဖူလုံစွာ ထုတ်လုပ်နိုင်ရေးနှင့် ပြည်သူများ ပေါပေါများများ စားသုံးနိုင်ကြရန် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ အားပေးလျက်ရှိရာ တောင်သူများနှင့် လုပ်ငန်းရှင်များကလည်း တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုအပ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ရည်မှန်းချက်အတိုင်း တိုးတက်အောင်မြင်မှု ရှိ/မရှိကို ဒေသအလိုက်၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသူများက စဉ်ဆက်မပြတ် ချိန်ထိုးသုံးသပ် ဆောင်ရွက်ကြည့်ရှုနေရန် လိုအပ်ပြီး အောင်မြင်မှုရရှိရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားနိုင်ရန် လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားပေးဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးခြင်း၊ မြေကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေရရှိရေးတို့ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသလို သက်ဆိုင်ရာတာဝန်ရှိသူများက နည်းလမ်းများရှာဖွေပြီး အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တာဝန်ကျေပွန်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးနိုင်ကို အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## တပ်ကုန်းမြို့နယ်၌ ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများအား ၄၁၄၅၄ ဧက လျာထားစိုက်ပျိုးသွားမည်

တပ်ကုန်း နိုဝင်ဘာ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးတောင်သူများ ဆောင်းသီးနှံအဖြစ် ပဲတီစိမ်း၊ မတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ မြေပဲ၊ အခြားပဲများနှင့် နှမ်း၊ နေကြာသီးနှံများကို ၄၁၄၅၄ ဧကလျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်တွင် မိုးရေအစိုဓာတ်၊ ဆည်ရေ၊ မြေအောက်ရေများနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး၊ ပဲတီစိမ်း ၃၇၁၅ ဧက၊ မတ်ပဲ ဧက ၁၆၆၀၊ ကုလားပဲ ဧက ၈၅၀၊ ပဲကြီး ဧက ၉၇၀၀၊ အခြားပဲ ဧက၂၂၀၊ မြေပဲ ၁၁၂၇၂ ဧက၊ နှမ်း ဧက ၁၃၀၀၀၊ နေကြာ ၁၀၃၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တင်စိုးလွင်

## နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၃ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၇ ရက် )
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ
(United Nationalities Democracy Party)ကို နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မနောဟရလမ်း၊ ပထမထပ်၊ အမှတ် (၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ညီညွတ်သော တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (United Nationalities Democracy Party)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၃၈ ) ဖြစ်ပါသည်။

(ပုံ)သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၄ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၇ ရက် )
ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဘုရားကြီးဘုရားအနီး၊ ဆည်မြောင်းတိုးချဲ့ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(၂)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၉) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပလက်ဝမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် ၃၅၀ ကေဗွီအေ မီးစက်သစ်နှစ်လုံးရောက်ရှိ

ပလက်ဝ နိုဝင်ဘာ ၇

ချင်းပြည်နယ် ပလက်ဝမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံး၌ အောက်တိုဘာ ၆ ရက်က ပလက်ဝမြို့ပေါ်နှင့် မီးဇာကျေးရွာတို့တွင် အသုံးပြုတပ်ဆင်ရန် (Cummins-350 KVA) စက်အမျိုးအစားနှစ်လုံး ရောက်ရှိနေပြီဖြစ်၍ စက်သစ်တစ်လုံးကို ပလက်ဝမြို့ပေါ်အတွက် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။



အဆိုပါ မီးစက်သစ်နှစ်လုံးသည် ပြည်နယ်သယံဇာတရေးရာဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျော်ငြိမ်းနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က ပလက်ဝမြို့နယ်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် ပလက်ဝမြို့နယ်အတွက် (Cummins-350KVA) မီးစက်သစ်တစ်လုံး ငွေကျပ် ၈၅သန်းနှင့် မီးဇာကျေးရွာအတွက် (Cummins-350KVA) မီးစက်သစ်တစ်လုံး ငွေကျပ် သန်း ၃၂၀ ကုန်ကျခံဝယ်ယူဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

ပလက်ဝမြို့နယ်တွင် ယခင်က မီးစက်ဟောင်း နှစ်လုံးဖြင့် ရပ်ကွက်အလိုက် တစ်ရက်ခြားအလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိရာ ထပ်မံရောက်ရှိသည့် လျှပ်စစ်အင်ဂျင်သစ်တစ်လုံး အပါအဝင် စုစုပေါင်းအင်ဂျင် သုံးလုံးဖြင့် ည ၇ နာရီမှ ၁၁ နာရီအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်၍ တစ်မြို့နယ်လုံးနေ့စဉ် လျှပ်စစ်မီး ရရှိတော့မည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

# (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇





**(၃၅) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ KMA Hotel ၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး သမိုင်းတစ်လျှောက်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပြောင်းလဲမှု ဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲဖွဲ့စည်း ရပ်တည်ခဲ့ရာမှ ယနေ့ခေတ်ကာလတိုင်အောင် အစိုးရ၏အုပ်ချုပ်ရေးကိုအထောက်အကူပြုသည့် ဌာနကြီးတစ်ခုအနေနှင့် ဆက်လက်ရပ်တည်နိုင်ခဲ့ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနှင့် ဌာန၏ ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဌာန၏ မူဝါဒများဖြစ်သည့် နိုင်ငံတော်မူဝါဒလိုက်နာရေး၊ အခြေခံသဘောတရားနှင့်ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးတို့နှင့်အညီ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်၊ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉) ရပ်တို့ကို "မူဝါဒ" အဖြစ်ခံယူပြီး ကျရာအခန်းကဏ္ဍက စိတ်ရင်းစေတနာအမှန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဌာနတူညီဝတ်စုံများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းတို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် စံပြဆု၊ ပထမဆု ရရှိသူများအား ဆုများချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းအတွက်အသုံးပြုရန် ဆောက်လုပ်ပြီးစီးခဲ့သည့် သီးနှံအထွက်နှုန်းဆန်းစစ်အကဲဖြတ်စင်တာ အဆောက်အအုံဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၇





မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းအတွက် အသုံးပြုရန် ဆောက်လုပ်ပြီးစီးခဲ့သော သီးနှံအထွက်နှုန်းဆန်းစစ် အကဲဖြတ်စင်တာ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ကောင်စီလမ်းပေါ်ရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးမင်းနောင်နှင့် ဦးလှမိုး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Wang Xianzhong၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်း အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးများ ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ပထမအတွင်းဝန်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံ ဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Wang Xianzhong တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များက အဆောက်အအုံရှိ အထိမ်းအမှတ် ကမ္ပည်းကျောက်ပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး အစီအစဉ်ဒုတိယပိုင်းကို အဆောက်အအုံခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမှာစကားပြောကြားရာတွင် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အဖွဲ့ဝင်နိုင်ငံများက အဆိုပြုသည့် မဲခေါင်ဒေသခွဲအား အကျိုးရှိစေသော စီမံကိန်းများ အကောင်အထည်ဖော်ခြင်းကို အခြေခံသော ပူးပေါင်းဆောင်ရွက်မှု ပုံစံဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအနေဖြင့် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၁၇) ခုနှစ်မှစ၍ (၂၀၂၃) ခုနှစ်အထိ အသေးစားနှင့် အလတ်စား စီမံကိန်း စုစုပေါင်း ၁၀၆ ခု ဆောင်ရွက်ခဲ့ရာ စီမံကိန်း ၃၅ ခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် သီးနှံအထွက်နှုန်းဆန်းစစ်အကဲဖြတ်စင်တာ ဖွင့်ပွဲအခမ်းအနားသည်လည်း အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံကိန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း။

အဆိုပါစီမံကိန်းအားလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် လူအင်အားအသုံးပြု သီးနှံစိုက်ပျိုးမှုစာရင်းများ ကောက်ယူမှုအခြေအနေမှ မောင်းသူမဲ့လေယာဉ် (Drone) အသုံးပြုလျက် သီးနှံစိုက်ပျိုးမှုစာရင်းကောက်ယူသည့် စနစ်တစ်ခု ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ Remote Sensing and GIS နည်းပညာများကို အသုံးပြုပြီး အဆိုပါ ကောက်ယူရရှိထားသည့် စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းကိုပါ ဆန်းစစ်အကဲဖြတ်သည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Wang Xianzhong က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းကွပ်ကဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စီမံကိန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန်အား အမှတ်တရလက်ဆောင် ပေးအပ်ပြီး အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကုမ္ပဏီမှ တာဝန်ရှိသူက လွှဲပြောင်းပေးအပ်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်မြို့၌ စားဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စတုတ္ထအကြိမ် ထပ်မံရောင်းချပေး

**အင်းတော် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီမှ ၁၀ နာရီခွဲအထိ စားဆီများကို တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို အင်းတော်မြို့နယ် ဆန်စပါးကုန်သည်များအသင်းမှ ဦးဆောင်၍လူတစ်ဦးလျှင် စားဆီတစ်ပိဿာ ရောင်းချပေးကြောင်း သိရသည်။ အင်းတော်မြို့နယ် ဆန်စပါးကုန်သည်ကြီးအသင်းမှ ပြည်သူများစားဝတ်နေရေးအတွက် အဆင်ပြေစေရန် ပြင်ပတွင် စားဆီတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ဈေးရှိနေချိန်တွင် မိမိတို့အသင်းအနေဖြင့် အင်းတော်မြို့နယ် ပြည်သူများအား စားဆီတစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြောင်း ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်က ပြောသည်။

အဆိုပါစားဆီများကို လူတစ်ဦးလျှင် နှစ်ပိဿာနှုန်းဖြင့် မကြာမီရက်ပိုင်းအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောသည်။

အဆိုပါစားဆီရောင်းချပွဲသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ရဲဗလ လှတင့်နှင့် တပ်ဖွဲ့ဝင်များက ကြီးကြပ်အားပေးခဲ့ကြောင်းလည်း သိရသည်။

**လူအောင်(ကသာ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် နိုဝင်ဘာ ၇**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစား ရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ ပြည်ထောင်စုစိတ်ဓာတ် မြင့်မားလာစေရေးနှင့် အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဖြစ်ပါကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင် အားကစားသမား များကလည်း အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်း ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ ပြိုင်ပွဲ၏ အနိုင်၊ အရှုံး အဆုံးအဖြတ်ကို စံချိန်စံညွှန်း သတ်မှတ်ချက်ဖြင့် ရယူခြင်းမဟုတ်ဘဲ အချိန်တိုအတွင်း မျက်မြင်ဆုံးဖြတ်ရသည့် ကကွက်ပြိုင်ပွဲနှင့် နည်းပညာ၊ စက်ကိရိယာပစ္စည်းများ ပံ့ပိုးမှုဖြင့် ဆုံးဖြတ်ရသည့် အတိုက်ပြိုင်ပွဲများတွင် ဒိုင်လူကြီးများ၏ မှန်ကန်သည့် အဆုံးအဖြတ်ကို ကျေကျေနပ်နပ် အသိအမှတ်ပြုလက်ခံကြရမည်ဖြစ်ကြောင်း၊ ဒိုင်လူကြီးများကလည်း "အကောင်းဆုံးလူ အနိုင်ရပါစေ" ဆိုသည့် ဆောင်ပုဒ်အတိုင်း ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ကြောင်း။


နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန် အားပေးချီးမြှောက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် မိမိတို့၏ အစွမ်းအစ၊ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အနိုင်ရရှိစေရေး အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစား သစ္စာ ခိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များကို လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တိုက်ကွမ်ဒို တစ်ဦးချင်း (အမျိုးသား/အမျိုးသမီး) အတိုက်ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၅ သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၈၀ တို့က နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A) ၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်သဖြင့် တိုက်ကွမ်ဒို အားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## စားသုံးသူရေးရာဦးစီးဌာန၏ အင်္ဂါနေ့ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

စားသုံးသူရေးရာဦးစီးဌာန၏ အင်္ဂါနေ့ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်ဇင်ဝင်းက မြန်မာ့ကော်ဖီထုတ်လုပ်မှုနှင့် ကုန်သွယ်မှုအခြေအနေ ခေါင်းစဉ်ဖြင့် မြန်မာ့ကော်ဖီကဏ္ဍ၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ကော်ဖီပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြချက်များဖြင့် လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက်က ကမ္ဘာ့ကော်ဖီဈေးကွက်နှင့် အာဆီယံဒေသကော်ဖီဈေးကွက်အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်လိုင်စင်များအား လျင်မြန်စွာ ထုတ်ပေးသွားရန်နှင့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားမှုများအတွက်လည်း ဝန်ကြီးဌာနမှ ချမှတ်ထားသော ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ အင်္ဂါနေ့ဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စားသုံးသူရေးရာဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် Consumer Call Center ၌ စားသုံးသူ တိုင်ကြားမှုများအား တယ်လီဖုန်းအမှတ် 1535 ဖြင့် လက်ခံ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



○ *ရှေ့ဖုံးမှ*

တပ်မတော် / ကရင်အမျိုးသား အစည်းအရုံး (ငြိမ်းချမ်းရေး ကောင်စီ) KNU/ KNLA(PC)၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော် (DKBA)၊ ကရင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ (ငြိမ်း)၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ်(BGF)တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် က ဖတ်ကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး သဘာပတိအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်း၊ နယ်ခြားစောင့်တပ်များ၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး စောချစ်သူ၊ ကရင်ပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ (ငြိမ်း) ဦးစောအောင်ပွင့်နှင့် မြို့မိမြို့ဖ ဒေါ်နန်းမြင့်တင်တို့က (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** ကရင်ပြည်နယ် ဝန်ကြီးချုပ်က (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အဖြစ် ကရင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာစည်ပင်ဝပြောပါစေကြောင်း သုံးကြိမ် ရွတ်ဆိုကြွေးကြော်(ဆုတောင်း)၍ ငြိမ်းချမ်းရေးချိုးဖြူငှက် ၆၈ ကောင်ကို လွှတ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အဖွဲ့သည် ဘင်ခရာ၊ ပန်းပွားနှင့် ဒုံးအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ တက်ရောက်လာသော ဧည့်သည်တော်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ စက်မှုလက်မှု (MSMEs) ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ်တို့သည် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲသို့ တက်ရောက်ပြီး ငှက်ပျော၊ သဘော်၊ မာလကာ၊ ကျောက်ဖရုံ၊ နာနတ်၊ ဘူးသီး၊ ကွမ်းသီး သီးနှံများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသည့် တောင်သူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်နေမှုကို တက်ရောက်ချီးမြှင့်အားပေးကြသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ကြက်ခြေနီတပ်ဖွဲ့၊ ရေပြင်အသက်ကယ်အဖွဲ့များနှင့် ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြသော အသင်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြပြီး အမျိုးသား/သမီး (၃)တက်လှော်၊ အမျိုးသား/သမီး(၅)တက်လှော်၊ အမျိုးသား/သမီး(၇)တက်လှော်နှင့် နဂါးလှေအထူး သရုပ်ပြခြင်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အသင်းများနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများကို လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး စုပေါင်း တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သော မြဝတီလှေလှော်အသင်းကို လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဖတ်ကြားစဉ်။



**ဆက်ကပ်လှူဒါန်း**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းကလည်း ဘားအံမြို့ တောင်ကလေး ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ အေးရိပ်သာနာယကချုပ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တပညာသာမိ (တောမှီရဟန်း)အရှင်သူမြတ်အား သွားရောက် ဖူးမြော်ကြည်ညိုပြီး ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ သီရိကွင်း၌ ဒုတိယနေ့အဖြစ် ယှဉ်ပြိုင်လျက်ရှိသည့် ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင် ဒုံးအဖွဲ့ ၁၀ ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ဒုတိယနေ့ ဒုံးအကပြိုင်ပွဲတွင် အိန္ဒူတိုက်နယ်ဒုံးအဖွဲ့၊ ဝက်ကြီးတိုက်နယ် မုက္ကဒိစုပေါင်းဒုံးအဖွဲ့၊ ကော့ပရံဘုန်းတော်ကြီးသင် ပညာရေးကျောင်းဒုံးအဖွဲ့၊ ကော့ကရိတ်မြို့နယ် စုပေါင်းဒုံးအဖွဲ့၊ ပိုင်ကျုံမြို့ ကိုယ်စားပြုစုပေါင်းဒုံးအဖွဲ့၊ ကော့ပေါမျိုးဆက်သစ် အားမာန်ဒုံးအဖွဲ့၊ ဘားအံမြို့တော် စုပေါင်းဒုံးအဖွဲ့၊ လှိုင်းဘွဲမြို့နယ် ကိုယ်စားပြုစုပေါင်းဒုံးအဖွဲ့၊ BGF တပ်နယ်အမှတ်(၂) ကိုယ်စားပြု ဒိုင်းပြကျေးရွာ စုပေါင်းဒုံးအဖွဲ့နှင့် ရွှေကုက္ကိုလ်ကိုယ်စားပြု စုပေါင်းဒုံးအဖွဲ့များက အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၇ ရက်တွင်လည်း ဒုံးအကများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော မြဝတီလှေလှော်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ နဂါးလှေအမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

## စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၇/၂၀၂၃ အရ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ကျင့်သုံးရမည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ၊ မူပိုင်ခွင့်တရားရုံးက ချမှတ်သည့်စီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၅၅/၂၀၂၃)၊ (၉၅၆/၂၀၂၃)၊ (၉၅၇/၂၀၂၃)၊ (၉၅၈/၂၀၂၃)၊ (၉၅၉/၂၀၂၃)နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၉၆၀/၂၀၂၃)တို့ကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ အမိန့်ကြော်ငြာစာအမှတ် (၉၅၅/၂၀၂၃) - စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (င) အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား စက်မှုဒီဇိုင်းခွင့်ဥပဒေ ပုဒ်မ ၆၅ အရ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၂။ အမိန့်ကြော်ငြာစာအမှတ် (၉၅၆/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (ဂ) အရ အောက်ဖော်ပြပါ တရားရုံးများအားယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

( ခ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

( ဂ ) ခရိုင်တရားရုံးများ

၃။ အမိန့်ကြော်ငြာစာအမှတ် (၉၅၇/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (ဃ) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ခရိုင်တရားရုံးများက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ အမိန့်ကြော်ငြာစာအမှတ် (၉၅၈/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (ဂ) အရ ကျောက်တံတားခရိုင် တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမ မူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့် အခွင့်အရေး ချိုးဖောက်ခြင်းနှင့် စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

( ခ ) စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ ပုဒ်မ ၆၇ (က) အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ အမိန့်ကြော်ငြာစာအမှတ် (၉၅၉/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၆ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၆။ အမိန့်ကြော်ငြာစာအမှတ် (၉၆၀/၂၀၂၃) - စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈၆ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁၈/၂၀၂၃ အရ စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ကျင့်သုံးရမည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ၊ မူပိုင်ခွင့်တရားရုံးက ချမှတ်သည့် စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းသည့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆၁/၂၀၂၃)၊ (၉၆၂/၂၀၂၃)၊ (၉၆၃/၂၀၂၃)၊ (၉၆၄/၂၀၂၃)၊ (၉၆၅/၂၀၂၃) နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၉၇၃/၂၀၂၃) တို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်လိုက်သည်။

၁။ အမိန့်ကြော်ငြာစာအမှတ် (၉၆၁/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၃ (ဂ) နှင့် (င) တို့အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၅၉ အရ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် လျှောက်ထားမှုများ

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၆၈ အရအကောက်ခွန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် လျှောက်ထားမှုများ။

၂။ အမိန့်ကြော်ငြာစာအမှတ် (၉၆၂/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၃ (ဂ) အရ အောက်ဖော်ပြပါ တရားရုံးများအားယင်းဥပဒေအရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ ရာဇဝတ်မူလမှု စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး

( ခ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများ

( ဂ ) ခရိုင်တရားရုံးများ

၃။ အမိန့်ကြော်ငြာစာအမှတ် (၉၆၃/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၃ (ဃ) အရ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များအား မိမိတို့စီရင်ပိုင်ခွင့်ဒေသအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ခရိုင်တရားရုံးများက စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေအရ ချမှတ်ခဲ့သည့် ရာဇဝတ်ဆိုင်ရာ စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံ၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၄။ အမိန့်ကြော်ငြာစာအမှတ် (၉၆၄/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၃ (ဂ) အရ ကျောက်တံတားခရိုင်တရားရုံးအား အောက်ပါကိစ္စရပ်များကို စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ တရားမ မူလမှုစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ခြင်းနှင့် စပ်လျဉ်းသည့် တရားမကြောင်းအရ စွဲဆိုမှုများ၊

( ခ ) စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၇၃ (က) အရ ယာယီအရေးယူ ဆောင်ရွက်ပေးရန် လျှောက်ထားမှုများ။

၅။ အမိန့်ကြော်ငြာစာအမှတ် (၉၆၅/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၆၃ (ဃ) အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်အား မူပိုင်ခွင့်တရားရုံးက တရားမမှုများတွင် ချမှတ်သော စီရင်ချက်အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၆။ အမိန့်ကြော်ငြာစာအမှတ် (၉၇၃/၂၀၂၃) - စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) မှ ကျောင်းသား၊ ကျောင်းသူများ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၇**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)မှ ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့သည် အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားသည့် လက်ဆောင်ပစ္စည်းများ ပြခန်း၊ ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း ပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ နိုင်ငံတော်သမ္မတများအသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့် ကလေးသူငယ်ပညာပေးပြခန်းများကို စိတ်ဝင်တစားအသေးစိတ် လေ့လာကြည့်ရှုကြရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၅၆ ဦးတို့က သွားရောက်လေ့လာကြခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဒီပါဝလီ အထိမ်းအမှတ် မီးထွန်းပွဲတော်အခမ်းအနား တက်ရောက်



**ရန်ကုန် နိုဝင်ဘာ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင် အသင်းချုပ် (Myanmar India International Business Federation)က ကြီးမှူးကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ် မီးထွန်းပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအား ပွဲတော်ကျင်းပရေး ကော်မတီဝင်များက ဟိန္ဒူရိုးရာယဉ်ကျေးမှုနှင့်အညီ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များသည် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး မဟာလက်ချမီး မယ်တော်အား ဒီပါဝလီ ဆီမီးထွန်းကာ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များကို အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်တို့က ရွှေပိုးပဝါခြုံလွှမ်း၍ ပန်းကုံးစွပ် ဂါရဝပြုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များသည် မင်္ဂလာဆီမီးတိုင်ကို ထွန်းညှိပေးကြသည်။(**အပေါ်ပုံ**)

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ဒီပါဝလီပွဲတော်အား မြန်မာ့ရိုးရာ ရာသီခွင်ပါ သီတင်းကျွတ်လကွယ်နေ့ကို သတ်မှတ်ကျင်းပသည်ဟု သိရှိရကြောင်း၊ ဒီပါဝလီပွဲတော်သည် ဟိန္ဒူဘာသာဝင်များအထွတ်အမြတ်ထားသည့်ဘာသာရေး၊ ဓမ္မရေးပွဲတော်ဖြစ်သကဲ့သို့ အမျိုးသားရေးပွဲတော်လည်း ဖြစ်သည်ဟု သိရှိရပါကြောင်း၊ **"ဒီပါဝလီ"** ဟူသည့် စကားလုံး အသုံးအနှုန်းသည် **"ဒီပ"** နှင့် **"အာဝလီ"** ဆိုသည့် ပါဠိဘာသာ စကားနှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အဓိပ္ပာယ်အားဖြင့် ဆီမီးအလင်းရောင်များ တန်းစီလျက် အဆန်းတကြယ် အသွယ်သွယ် စီခြယ် ထွန်းညှိပူဇော်ခြင်းဟု အဓိပ္ပာယ်ရသည်ကို လေ့လာမှတ်သားရပါကြောင်း၊ ဘာသာအသီးသီးတို့၏ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အကူအညီအထောက်အပံ့များ ပေးအပ်လျက်ရှိသကဲ့သို့ အခမ်းအနားများကိုလည်း တာဝန်ရှိသူများက တက်ရောက်၍ အားပေးချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့ကို အခြေခံမူ လေးချက်ဖြစ်သည့် 'ဘာသာပေါင်းစုံမှ ဘာသာဝင်အချင်းချင်း အပြန်အလှန်လေးစားပြီး အတူတကွ အေးချမ်းစွာ နေထိုင်သွားကြရန်၊ ဘာသာရေး၊ လူမှုရေး၊ ပဋိပက္ခများကြောင့် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ကြရန်၊ ဘာသာရေးနှင့် ဆက်နွှယ်သည့် နစ်နာမှုများ ရှိလာပါက ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရန်' ဟူသည့် ကောင်းမြတ်သော အခြေခံမူများ ချမှတ်ပြီး ဆောင်ရွက်နေကြပါကြောင်း။

ဟိန္ဒူဘာသာဝင်များ အနေဖြင့် ဤကောင်းမြတ်သည့် အခြေခံမူများနှင့်အညီ ဘာသာကြီးလေးခု၏ ချစ်ကြည်ညီညွတ်မှုကို ဝိုင်းဝန်းကူညီပြီး ဆက်လက်အကောင်အထည်ဖော်ကြစေလိုပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆက်သွယ်မှုများ ယခင်ကထက် တိုးတက်ဆောင်ရွက်လာနေသည့် ယခုလိုအချိန်အခါတွင် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းကြီး အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များနှင့်အညီ စီးပွားရေးခွန်အားများနှင့် အခွင့်အလမ်းများကို ဖော်ထုတ်တိုးပွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကာလ ဆီမီးထွန်းညှိပူဇော်ခြင်းကို အခြေခံပြီး လူသားအချင်းချင်း အပြန်အလှန် ချစ်ခင်ရင်းနှီးခြင်း မေတ္တာတရား၊ အပြန်အလှန် သည်းခံခွင့်လွှတ်ခြင်း အဟိံသတရား၊ သနားကြင်နာခြင်း ကရုဏာတရားစသည့် ဓမ္မအလင်းတန်းများ ဖြန့်ကြက်ဝေဖြာနိုင်ပါစေ၊ တစ်ဦးနှင့်တစ်ဦး မေတ္တာအလင်းရောင်လင်းလက်ကူးယှက်ကြပြီး မြန်မာနိုင်ငံတော်ကြီး၏ အကျိုးစီးပွားကို ရေးရှုကြလျက် နိုင်ငံတော်ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများမှာ စည်းလုံးညီညာစွာ ပါဝင်ထမ်းဆောင်နိုင်ကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးအား အိန္ဒိယသံအမတ်ကြီးက ဒီပါဝလီ ဂုဏ်ပြုပန်းခြင်းဖြင့် ဂါရဝပြု၍ ဒီပါဝလီနေ့အကြောင်း ရှင်းလင်းတင်ပြပြီး ဒီပါဝလီပွဲတော် မှတ်တမ်းဗီဒီယိုပြသကာ ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြသည်။

ထို့နောက် အိန္ဒိယသံရုံးက ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ညှိနှိုင်းရေးမှူးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတလက်ထောက်နှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၏ အကြံပေးဖြစ်သူ မစ္စတာ ရှာတီရော့ဗ် ဆာဂေးဗလာဒီမီရိုးဗစ်ချ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြဝတီမြို့၌ ပြည်သူအကျိုးပြု အရန်သားဖွားနှင့် ကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲ ကျင်းပ

**မြဝတီ နိုဝင်ဘာ ၇**

ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး ဖွင့်လှစ်သော အရန်သားဖွားနှင့် ကျန်းမာရေးလုပ်သား သင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးဖြူက လူထုကျန်းမာရေးလုပ်သားသင်တန်းကို ၂၈ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းအားဖြင့် ပြည်သူလူထုကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မိမိရပ်/ရွာအတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ အရန်သားဖွားသင်တန်းကို ရက်ပေါင်း ၁၈၀ အတွင်း စာသင်ချိန်လေးလနှင့် လက်တွေ့ဆင်းချိန် နှစ်လထည့်သွင်း သင်ကြားပေးပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိစွာ ပြန်လည်အသုံးချတတ်စေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းသားများအား အရန်သားဖွားဆေးပုံးနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက တစ်ဦးချင်းစီ ချီးမြှင့်ပေးသည်။ (**ဝဲပုံ**)



အဆိုပါ အရန်သားဖွားသင်တန်းနှင့် လူထုကျန်းမာရေးလုပ်သားသင်တန်းကို မြဝတီမြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာများမှ တက်ရောက်ခဲ့ကြပြီး အလားတူ ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများကိုလည်း ထပ်မံ ဖွင့်လှစ်ပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# မင်းဘူးမြို့၌ ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**မင်းဘူး နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ပေါများစေရေး၊ ဒေသနေပြည်သူများ သဘာဝရေပြင်မြစ်ချောင်းများတွင် ငါးများ ပိုမိုဖမ်းယူစားသုံးနိုင်ရေးအတွက် မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက်အနီး ဧရာဝတီမြစ်အတွင်းသို့ ယနေ့ နံနက် ၇ နာရီခွဲတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဦးထွန်းလှအောင်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကျဲ့ကျန်းပြည်နယ်၊ ဝူကျွန်းမြို့တွင် ကျင်းပသည့် "မြို့ပြနှင့်ကျေးလက်သာယာဝပြောရေးအတွက် ဒစ်ဂျစ်တယ်စွမ်းအားမြှင့်တင်မှုနှင့် ၂၀၂၃ ခုနှစ် ဒစ်ဂျစ်တယ်စွမ်းရည်မြှင့်တင်ခြင်းနှင့် ဘုံသာယာဝပြောရေး သရုပ်ပြဇုန်ဆောက်လုပ်ရေးပြပွဲလှုပ်ရှားမှုအစီအစဉ်" သို့ ပါဝင်တက်ရောက်

ဝူကျန်း နိုဝင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဝူကျွန်းမြို့ ဒင်ရှန်းခန်းမ ယွန်ကျုံးဧည့်စင်တာတွင် ကျင်းပသည့် ဒစ်ဂျစ်တယ်အထောက်အကူပြု သရုပ်ပြဧရိယာ တည်ဆောက်ရေး ပြပွဲဆိုင်ရာလှုပ်ရှားမှုအစီအစဉ်သို့ ယနေ့တွင် ပါဝင်တက်ရောက်သည်။



အဆိုပါ အခမ်းအနားသည် ကျဲ့ကျန်းပြည်နယ်၏ "ကျေးလက်မြို့ပြအတူတကွ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒစ်ဂျစ်တယ်အထောက်အကူပြု" အစီအစဉ်အောက်တွင် အခြေခံပြီး ကျဲ့ကျန်းပြည်နယ်၏ ကျေးလက်ဒေသ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုကို မြှင့်တင်ခြင်းနှင့် ကျေးလက်မြို့ပြ ဒစ်ဂျစ်တယ်ကဏ္ဍအတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သိရှိရသည်။

အခမ်းအနားသို့ အာရှ - အာဖရိကနှင့် အီးယူနိုင်ငံများမှ ဒစ်ဂျစ်တယ် နည်းပညာဆိုင်ရာ ဥက္ကဋ္ဌနှင့် အကြီးအကဲများ၊ အဆင့်မြင့် တာဝန်ရှိသူများနှင့် ကျဲ့ကျန်းပြည်နယ်မှ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်နိုင်ငံမှ နည်းပညာဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြို့ပြနှင့် ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ်နည်းပညာ မြှင့်တင်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသများတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ရေး၊ 5G အနာဂတ်၊ ဒစ်ဂျစ်တယ်လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း ပေါင်းစပ်မြှင့်တင်ရေး ကိစ္စများ၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း အချင်းချင်း အားဖြည့်ဆောင်ရွက်ကူညီပေးရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒင်ရှန်းခန်းမ ယွန်ကျုံးဧည့်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အင်တာနက်မြို့ ပြပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသည် ဝူကျွန်းအပြည်ပြည်ဆိုင်ရာ အင်တာနက်မြို့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် တုန်ရှုန်းဒစ်ဂျစ်တယ်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြေညာစာတမ်းအညွှန်းကိန်းကို ထုတ်ပြန်ကြေညာသည့် အခမ်းအနားတစ်ခုဖြစ်ပြီး အဆိုပါ အခမ်းအနားတွင် အနာဂတ်တွင် 5G+ နည်းပညာမြို့တော်အဖြစ် တည်ဆောက်ရေး၊ AI နည်းပညာကို အသုံးပြု၍ Smart City မြို့တော်တည်ဆောက်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဂေဟစနစ်အခန်းကဏ္ဍများတွင် ဒစ်ဂျစ်တယ်ယဉ်ကျေးမှုအသုံးပြုမှု ပိုမိုတိုးတက်စေရေး၊ အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ Smart City ဖြစ်အောင် တည်ဆောက်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြသွားကြောင်း သိရှိရသည်။

သတင်းစဉ်

## ပေါင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ပေါင် နိုဝင်ဘာ ၇

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ အခြေခံပညာ (ထက်၊ လယ်၊ မူ) ကျောင်းများမှ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲကို မြို့နယ်အခြေခံပညာဦးစီးဌာနမှ ဦးဆောင်၍ ယနေ့ နံနက် ၉ နာရီက(အထက) ပေါင် ရွှေရတုခန်းမ၌ ပြုလုပ်သည်။



ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ကျောင်းသားလူငယ်များ ယခုလို ပညာရည်ထူးချွန်ပွဲ စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးသည့်အတွက် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ဉာဏ်ပညာ မြင့်မားလာခြင်း၊ လူအများနှင့် ဆက်ဆံတတ်လာခြင်း၊ အသိပညာများ တိုးပွားလာမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါ စွမ်းရည်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၆၃ ကျောင်းမှ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် Grade-5 မှ Grade-9 အထိ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၉၀၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၂၀၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၉၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနား သန်လျင်ခရိုင်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၃၅) ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သန်လျင်မြို့ရှိ Excel River View Hotel ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြစ်ပေါ်လာပုံနှင့် ဌာနမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍တက်ရောက်လာကြသော ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သန်လျင်ခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းမိသားစုများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗလာမပါကံစမ်းမဲများဖောက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့် ဝန်ထမ်းမိသားစုများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ သန်းဝင်း (သန်လျင်)



## အိမ်မဲမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ထုတ်စိုက်ခင်းမျိုးစေ့ ကြဲပက်ပွဲကျင်းပ

အိမ်မဲ နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျုံကနိကျေးရွာ တောင်သူဦးသန်းဝင်း၏ ကွင်းအမှတ် ၁၇၄ က၊ ဦးပိုင်အမှတ် ၇/၆ ရှိလယ်မြေ ၂ ဒသမ ၅၀ ဧကနှင့် ဦးသန်းညွန့်၏ ကွင်းအမှတ်၁၇၄ က၊ ဦးပိုင်အမှတ် ၇/၇ ရှိ လယ်မြေ ၀ ဒသမ ၅၀ ဧကတို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်း



မျိုးစေ့ကြဲပက်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

### အသိပညာပေးပြောကြား

လယ်ယာစိုက်ပျိုးမြေများတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးခြင်းဖြင့် အချိန်တိုကာလအတွင်းသစ်စိမ်းမြေဩဇာ၊ ဇီဝမြေဩဇာနှင့် သစ်ဆွေးဓာတ်များရရှိနိုင်၍ လယ်ယာမြေအတွင်းရှိ ပေါင်းပင်များကို နှိမ်နင်းနိုင်ပြီး အကျိုးပြုအဏုဇီဝပိုးများ၊ မြေဆီလွှာအတွင်းရှိအကျိုးပြုသက်ရှိများကိုလည်း အသက်ရှင်တိုးပွားစေနိုင်ကြောင်း၊ ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးရာတွင် ရာသီဥတုအခြေအနေပေးပါက တစ်ဧကလျှင် သစ်စိမ်းမြေဩဇာ ၅ တန်မှ ၇ တန်အထိ ရရှိနိုင်ပြီး ပုလဲဓာတ်မြေဩဇာ နှစ်အိတ်နှင့်ညီမျှသော နိုက်ထရိုဂျင်ဓာတ်များရရှိနိုင်ကြောင်း စသည့် ပိုက်ဆံလျှော်သီးနှံစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက တောင်သူများအား အသိပညာပေးပြောကြား၍ ပိုက်ဆံလျှော်ကြဲပက်စိုက်ပျိုးခဲ့ကြသည်။

### စုပေါင်းကြဲပက်စိုက်ပျိုး

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်ကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ စုပေါင်းကြဲပက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

## ရေကြည်မြို့နယ်၌ ဝေန်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျ

ရေကြည် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စုတွင် ယမန်နေ့ ညနေ ၄ နာရီခွဲက ဝေန်မြစ်ရေတိုက်စားမှုကြောင့် တောင်မွေးတောက်ကျေးရွာနှင့်သောင်ရွာသို့ဆက်သွယ်ထားသည့်ကျေးရွာဆက်မြေသားလမ်း လမ်းအရှည် ပေ ၉၀၊ အကျယ် ၁၂ ပေ၊ အနက်ပေ ၂၀ ခန့် ပြိုကျပျက်စီးခဲ့သည်။

အဆိုပါပြိုကျပျက်စီးခဲ့မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်းနှင့်လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေးအတွက် လမ်းနှင့်ကပ်လျက်ရှိသော ဦးအောင်မြင့်ထွေး၏ခြံဝင်းအတွင်းမှသွားလာအသုံးပြုနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A . EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားရေတပ်မှ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့်စစ်ရေယာဉ်များ ပြန်လည်ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၇**

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ နယ်မြေခံရေတပ် ကွပ်ကဲမှုဌာနချုပ်၊ ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergey KURCHENKO နှင့် တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အလားတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မြန်မာ- ရုရှားရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ရုရှားရေတပ်မှ ဖျက်သင်္ဘော (Destroyer) များဖြစ်သည့် စစ်ရေယာဉ် Admiral Tributs၊ Admiral Panteleev နှင့် Sea Tanker Pechenga တို့သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)



အဆိုပါ စစ်ရေယာဉ်များ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်း၊ ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တပ်မတော်(ရေ) မှ စစ်ရေယာဉ်များနှင့်အတူ ဝေဟင်ရန်၊ ရေပြင်ရန်၊ ရေအောက်ရန် ကာကွယ်ရေး လေ့ကျင့်ခန်းများနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်းဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံနှင့် သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး အကောင်အထည်ဖော်

**နေပြည်တော် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး၏ စပါးအပြီး ဆောင်းရာသီ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက သနပ်ပင်မြို့နယ် ရွှေဖျိုင်းဖြူကုမ္ပဏီ ရှင်းလင်းဆောင်၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သနပ်ပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်တို့မှ တောင်သူ ၉၃ ဦးနှင့် လယ်ယာအထူးပြုပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပဲခူးတိုင်းဒေသကြီး၏ ဆောင်းဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးဧရိယာများအားလုံး အောင်မြင်ဖြစ်ထွန်းရေးအတွက် မြေဆီလွှာအာဟာရဆိုင်ရာ စီမံခန့်ခွဲရေးနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေးလုပ်ငန်းများ၊ အပင်ရောဂါပိုးမွှား ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် ဌာနနှင့်တောင်သူများ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဧရိယာရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ ဒေသနှင့်သင့်တော်သည့် သီးနှံပုံစံ ရွေးချယ်၍ စပါးအပြီး နှစ်သီးစိုက်ပျိုးနိုင်ရေး၊ သီးနှံစိုက်ပျိုးရန် လိုအပ်သည့်ရေပမာဏအတိုင်း စနစ်တကျသုံးစွဲ၍ ရေချိုအရင်းအမြစ်များ လေလွင့်ပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ ဒေသနှင့်သင့်လျော်သည့် စပါး၊ ငါးမွေးမြူသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်အသုံးပြုရန်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသီများက ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နည်းပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေးတင်ပြကြပြီး မြေပဲ၊ ပဲပုပ်၊ ပဲတီစိမ်း၊ ပြောင်းဖူး စသည့်သီးနှံစုံကို အကန့်လိုက် စိုက်ပျိုးနည်း (Strip Cropping) နည်းစနစ်နှင့် မြေဆွေးပြုလုပ်နည်း ဗီဒီယိုများကို နည်းပညာပေးပြသခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ မွေးမြူရေးတောင်သူ ဦးဇော်လင်းအောင်၏ ဥစားဘဲမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာ၌ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ဒေသဆိုင်ရာ လက်တွေ့လက်လှမ်းမီသုတေသနများ ဆောင်ရွက်ရာတွင် တောင်သူများ၏ပူးပေါင်းပါဝင်ရန် လိုအပ်ချက်များအပြင် ငါးသယံဇာတတိုးပွားရေးနှင့် ဒေသ၏သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆိုင်ရာ နည်းပညာရပ်များကို သုတေသီတစ်ဦးက ဆွေးနွေးတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဟသ်ာတခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူးရုံးတွင် ဧရာဝတီတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သင့်သည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ ရေငန်ပုစွန်အဆင့်မြင့်မွေးမြူရေး၊ တစ်ပိုင်တစ်နိုင် သားဖောက်လုပ်ငန်းနှင့် ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်လှစ်

**မောင်တော နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ရေငန်ပုစွန်အဆင့်မြင့် မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်သားဖောက်လုပ်ငန်းနှင့် ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက အမှာစကားပြောကြားရာတွင် ရေငန်ပုစွန်အဆင့်မြင့်မွေးမြူရေး ၊ တစ်ပိုင်တစ်နိုင် သားဖောက်သင်တန်း၊ ငါးဖမ်းရေလုပ်သားများ၊ ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများသည် မောင်တောခရိုင် မောင်တောမြို့နယ်အတွင်းမှာရှိသော ရေငန်ပုဇွန်မွေးမြူရေးလုပ်ငန်းများမှ အထွက်တိုး မွေးမြူနည်းစနစ်နှင့် မွေးမြူတတ်လာစေရန် လိုအပ်သည့်ရေငန်ပုစွန်သားပေါက်များကို တစ်ပိုင်တစ်နိုင် ထုတ်လုပ်တတ်လာစေရန်၊ ပင်လယ်မြစ်ချောင်းများတွင် ငါးဖမ်းကြသည့်ရေလုပ်သားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းဆောင်ရွက်တတ်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းက ရေငန်ပုစွန် အဆင့်မြင့်မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်သားဖောက်လုပ်ငန်းနှင့် ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး



သင်တန်းကို ကျေးရွာများရှိ သင်တန်းသား ၄၆ ဦး တက်ရောက်သင်ယူမည်ဖြစ်ကာ နည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးရက်တာဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# စွမ်းဆောင်ရည်မြှင့်မားရေးနှင့် အသိပညာပြန့်ပွားရေးမှသည် လက်တွေ့အသုံးချရေးဆီသို့

**— — — ကျေးလက်ညိုညို — — —**

**ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေး**

ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထိုသို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဟု ဆိုရာတွင် နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးနှင့် သက်ဆိုင်သဖြင့် အစိုးရဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်သူအားလုံးကို လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အစိုးရဌာနဆိုင်ရာဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အခြေခံအကျဆုံးဖြစ်၍ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိပညာပြန့်ပွားရေးကို အခြေခံ၊ အလယ်အလတ်၊ အဆင့်မြင့်၊ ဌာနအကြီးအမှူးများအဆင့်အထိ အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိပညာပြန့်ပွားရေးသင်တန်းများသည် ဌာနဆိုင်ရာဝန်ထမ်းများ စွမ်းဆောင်ရည်အသိပညာ စဉ်းစားတွေးခေါ်ဆုံးဖြတ်မှုတို့ကို မြှင့်တင်ပေးပါသည်။ ထို့ပြင် မိမိဌာနဝန်ထမ်းများအား အသိပညာပြန့်ပွားရေးအတွက် ပြန်လည်မျှဝေနိုင်ရုံသာမက လက်တွေ့အသုံးချခြင်းဖြင့် မိမိဌာနလုပ်ငန်းခွင်ဖွံ့ဖြိုး တိုးတက်စေနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထိ စွမ်းဆောင်နိုင်မည်ဖြစ်ပေသည်။

အချို့ဝန်ထမ်းများသည် သင်တန်းတက်ရောက်ရန် ငြင်းဆန်လိုကြသည်။ မိမိ မရှိလျှင် လုပ်ငန်းတာဝန်များ အခက်အခဲဖြစ်ပေါ်နိုင်သည်ကို စိုးရိမ်၍လည်းကောင်း၊ အချို့မှာ ဝန်ထမ်းမှ သင်တန်းတက်ရောက်လိုသော်လည်း ဌာနကအကြောင်းကြောင်းကြောင့် စေလွှတ်မှု မရှိ၍လည်းကောင်း၊ သင်တန်းတက်ရောက်ရန် အခွင့်အရေး မရသည်များလည်း ကြားသိရပါသည်။ မည်သည့် ဌာန၊ မည်သည့် လုပ်ငန်းခွင်တွင်မဆို ဝန်ထမ်းတစ်ဦးသည် ရုတ်တရက် ကွယ်လွန်ခြင်း၊ လုပ်ငန်းဆောင်ရွက်နိုင်မှု မရှိသည့်အခြေအနေအထိ ကျန်းမာရေး ဆိုးရွားသွားခြင်း၊ ပင်စင်ယူခြင်းတို့ ကြုံတွေ့ရမည်ဖြစ်သဖြင့် ဤသို့သော အခြေအနေများတွင် လုပ်ငန်းခွင်တွင် ကျန်ရှိသူနှင့်သာ အလုပ်ဖြစ်အောင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိလုပ်ငန်းတာဝန် ဆောင်ရွက်မှုကို အထောက်အကူဖြစ်စေမည့် သင်တန်းများ တက်ရောက်ခြင်းကို ကိုယ်တိုင်ကျေနပ်စွာ လက်ခံနိုင်ရမည်ဖြစ်သကဲ့သို့ မိမိလက်အောက်လုပ်ဖော်ကိုင်ဖက်၊ မိမိအထက်ဝန်ထမ်းများ သင်တန်းတက်ရောက်ရေးကို အားပေးကူညီရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်မ၏ ဝန်ထမ်းဘဝတစ်လျှောက် တက်ရောက်ခဲ့ဖူးသော သင်တန်းများနှင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ပုံ၊ အကျိုးရှိပုံတို့ကို မျှဝေလို၍ ဤဆောင်းပါးကို ရေးသားတင်ပြခြင်းဖြစ်ပါသည်။



ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၃) သင်တန်းသား သင်တန်းသူများ။

**စည်ပင်ဦးစီးဌာနဝန်ထမ်းဘဝနှင့် သင်တန်းအတွေ့အကြုံများ**

ကျွန်မသည် သင်တန်းတက်ရောက်ရခြင်းကို လွန်စွာစိတ်ဝင်စားသူတစ်ဦးဖြစ်ပြီး မိမိဝန်ထမ်းသက်တစ်လျှောက် ၃၅ နှစ်နီးပါးခန့် တက်ရောက်ခဲ့ရသည့် သင်တန်းများကို ပြန်လည်စဉ်းစားကြည့်သောအခါ နေရာဒေသ၊ အတွေ့အကြုံနှင့် ဘာသာရပ်များမတူကွဲပြားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

**စာရင်းစစ်ချုပ်ရုံး၊ လေ့ကျင့်သင်ကြားရေးနှင့် သုတေသနဌာနတွင် ၂၇–၄–၁၉၉၂ မှ ၃၁–၇–၁၉၉၂ အထိ ဖွင့်လှစ်ခဲ့သည့် စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂)**၊ ဤသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ဦးစီးဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများ၏ စာရင်းထားသိုနည်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်းများ၊ အစိုးရဌာန အဖွဲ့အစည်းအသီးသီးအား စာရင်းစစ်ဆေးရမည့် လုပ်ငန်းလမ်းညွှန်များ သိရှိခဲ့ရပြီး စာရင်းစစ်တာဝန်ထမ်းဆောင်စဉ်မှ ယနေ့အထိ အသုံးချလျက်ရှိပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ၃–၅–၁၉၉၆ မှ ၃–၆–၁၉၉၆ အထိ ဖွင့်လှစ်ခဲ့သည့် အရာရှိကြီးများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂)**၊ စည်ပင်သာယာရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတွင် စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှုစသည့် ဘာသာရပ်များအဖြစ် အခြေခံစစ်ရေးပြ၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်အောင် လက်တွေ့လေ့ကျင့်ပေးမှုများ လေ့လာခဲ့ရပါသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၁၅–၃–၁၉၉၉ မှ ၈–၄–၁၉၉၉ အထိ ဖွင့်လှစ်ခဲ့သည့် ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ်(၈)**၊ ဤသင်တန်းတွင် စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်စာရင်းရှင်၊ ငွေလုံးငွေရင်းစာရင်းရှင်၊ ငွေရေးကြေးရေးစာရင်းရှင် အရပ်ရပ် အခွင့်အရေးလိုင်စင်စာရင်းရှင်များ ဖွင့်လှစ်ဆောင်ရွက်မှု၊ ပုံစံစည်ပင်များဖြင့် ငွေစာရင်းထိန်းသိမ်းဆောင်ရွက်မှု၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေသုံးငွေ ဘတ်ဂျက်ရေး ဆွဲဆောင်ရွက်မှုများ လေ့လာသိရှိခဲ့ရပါသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ၂၂–၆–၁၉၉၉ မှ ၂၄–၉–၁၉၉၉ အထိ ဖွင့်လှစ်ခဲ့သည့် အခြေခံ ဝန်ထမ်းလောင်းသင်တန်းအမှတ်စဉ်(၁၅၀)၊ ဤသင်တန်းတွင် ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စီးပွားရေးဘာသာရပ်၊ စီမံခန့်ခွဲရေးဘာသာရပ်တို့ ပါဝင်ခဲ့ပြီး ထူးခြားချက်မှာ အခြေခံစစ်ရေးပြ ဘာသာရပ်တွင် စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်အထိ သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပါသည်။ သေနတ်ပစ်လေ့ကျင့်မှု ပါဝင်သည့်အပြင် ရိက္ခာပစ္စည်းအပြည့်အစုံဖြင့် ချီတက်ခြင်းတို့လည်း ပါဝင်ပေသည်။ ငယ်စဉ်ကဘင်ခရာသင်တန်း၊ ကြက်ခြေနီသင်တန်းတို့တွင် စစ်ရေးပြလေ့ကျင့်ဖူးသည်ဖြစ်ရာ စစ်ရေးပြ သင်ခန်းစာသည် မိမိအတွက် အထူးအဆန်းမဟုတ်သော်လည်း သေနတ်ပစ်နှင့် ရိက္ခာအပြည့်အစုံနှင့် ရည်မှန်းချက်သို့ လက်တွေ့ချီတက်ခြင်းသည် အလွန်စိတ်ဝင်စားပျော်ရွှင်ဖွယ် ဘာသာရပ်များ ဖြစ်ပေသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၂–၁၀–၂၀၀၀ မှ ၂၄–၁၁–၂၀၀၀ အထိ ဖွင့်လှစ်ခဲ့သည့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၇)**၊ စည်ပင်သာယာရေးဦးစီးဌာန၏ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက် အသေးစိတ်သင်ကြားပို့ချ၍ အပတ်စဉ်စာမေးပွဲစစ်ကာ သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ အရာထမ်းအဆင့်မြင့် ရာထူးများကို ဤသင်တန်းတက်ရောက်ပြီးမှ ဖြေဆိုခွင့်ပေးခဲ့ပါသည်။

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် ၂၂–၉–၂၀၀၈ မှ ၁၂–၁၂–၂၀၀၈ အထိ ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၈)**၊ ဤ သင်တန်းတွင် စည်ပင်သာယာရေးဦးစီးဌာန လုပ်သက်ရင့် အမှုဆောင်အရာရှိများ၊ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လုပ်သက်ရင့်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူး အပါအဝင် လူငယ်အရာထမ်းများ ရောနှော၍ အတွေ့အကြုံဖလှယ်ကာ ဆွေးနွေးမှုများ ဦးစားပေးသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ဝါရင့်အစ်ကိုကြီး အစ်မကြီးများ၏ အတွေ့အကြုံများ တစ်ထိုင်တည်း ရရှိခဲ့ပါသည်။

**ကျေးလက်ဦးစီးဌာန ဝန်ထမ်းဘဝ သင်တန်းအတွေ့အကြုံ**

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၌ ၂၇–၆–၂၀၂၂ မှ ၁၉–၈–၂၀၂၂ အထိ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၁၀)**၊ ဤသင်တန်းမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်တူများမှ အရာရှိကြီး ၂၁ ဦး တက်ရောက်ခဲ့သော သင်တန်းဖြစ်ပြီး အထက်မြန်မာပြည် ဇီးပင်ကြီး၌ တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

လုပ်ငန်းခွင်တွင် စဉ်ဆက်မပြတ် လုပ်ကိုင်နေရာမှ သင်တန်းတွင် သင်တန်းသူအဖြစ် သက်ဆိုင်ရာဘာသာရပ်များ လေ့လာခဲ့ရပြီး ဌာနအသီးသီးမှ သင်တန်းတက်ရောက်လာသူများ သင်တန်းမှူး ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ အားလုံးနှင့်လည်း ရင်းနှီးကျွမ်းဝင်ခွင့်ရခဲ့ပြီး မောင်နှမအရင်း အချာပမာ အသိမိတ်ဆွေများ တိုးပွားခဲ့ပါသည်။ အပြန်အလှန်ဆွေးနွေးမှုများကြောင့် ဌာနအသီးသီး၏ လုပ်ငန်းစဉ်များ၊ မိမိဌာနနှင့် ဆက်စပ်သည့် အသိပညာဗဟုသုတများ များစွာရရှိခဲ့ပါသည်။ သင်ကြားခဲ့သည့် ဘာသာရပ်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့လုပ်ငန်းခွင်နှင့် ဌာနတွင်းသင်တန်းများ ပို့ချရာတွင် အသုံးပြုလျက်ရှိပါသည်။

**ဥပဒေအသိပညာပြန့်ပွားရေး**

**ယခုနောက်ဆုံးတက်ခဲ့သော သင်တန်းမှာဥပဒေရေးရာဝန်ကြီးဌာန၌ ၈–၆–၂၀၂၃ နေ့မှ ၁၉–၈–၂၀၂၃ နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၃)** ဖြစ်ပါသည်။ ဤသင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုစနစ်နှင့် ဖက်ဒရယ်စနစ်အကြောင်း၊ မြန်မာနိုင်ငံ ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့၏ ဆက်နွယ်မှုများ၊ နိုင်ငံ၊ အချုပ်အခြာအာဏာ၊ တရားဝင်မှုနှင့် တရားစီရင်ပိုင်ခွင့်အပေါ် အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် ဥပဒေရှုထောင့်တို့မှ လေ့လာခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့်

*စာမျက်နှာ ၁၀ သို့*

❍ **စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိပညာ ပြန့်ပွားရေးသင်တန်းများသည် ဌာနဆိုင်ရာဝန်ထမ်းများ စွမ်းဆောင်ရည်အသိပညာ စဉ်းစားတွေးခေါ်ဆုံးဖြတ်မှုတို့ကို မြှင့်တင်ပေးပါသည်။ ထို့ပြင် မိမိဌာနဝန်ထမ်းများအား အသိပညာ ပြန့်ပွားရေးအတွက် ပြန်လည်မျှဝေနိုင်ရုံသာမက လက်တွေ့အသုံးချခြင်းဖြင့် မိမိဌာနလုပ်ငန်းခွင်ဖွံ့ဖြိုး တိုးတက်စေနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထိ စွမ်းဆောင်နိုင်မည် ဖြစ်ပေသည်**



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မင်းဘူးမြို့ သာသနာ့ဗိမာန်တော် အဆောက်အအုံသစ် ဆောက်လုပ်ရန် မြေနေရာအား ကြည့်ရှု

**မင်းဘူး နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းဝင်း၊ နယ်မြေခံတပ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးရဲနောင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၇ ရက်က မင်းဘူးမြို့၌ အသစ်ဆောက်လုပ်မည့် သာသနာ့ဗိမာန်တော်ကြီး ပန္နက်ရိုက်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှ ဌာနချုပ်မှူး၊ နယ်မြေခံတပ်မှ တပ်နယ်မှူး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးရဲဝင်းထွန်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အခမ်းအနားကို ဖွင့်လှစ်ကာ မင်္ဂလာအချိန်တွင် သာသနာ့ဗိမာန်တော်ကြီး အောင်မြင်စွာ ဆောက်လုပ်နိုင်ရန်အတွက် သတ်မှတ်နေရာများတွင် ပန္နက်တိုင်များကို စိုက်ထူ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

မင်းဘူးမြို့၌ အသစ်ဆောက်လုပ်မည့် သာသနာ့ဗိမာန်တော်ကြီးကို မင်းဘူးမြို့လယ်ရှိ မင်းဘူးမြို့ ဦးသြဘာသခန်းမဘေးရှိ မြေနေရာ ၁ ဒသမ ၅၃ ဧကတွင် ဆောက်လုပ်မည်ဖြစ်ကာ အဆောက်အအုံအရွယ်အစားအနေဖြင့် အလျားပေ ၁၈၀၊ အနံပေ ၉၀ ရှိ အာရ်စီနှစ်ထပ် ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ယင်းသာသနာ့ဗိမာန်တော်ကြီးကို ခံ့ညားထည်ဝါသော သာသနိကအဆောက်အအုံအဖြစ် ရှေ့မျက်နှာစာများတွင် မြန်မာ့မှု၊ မြန်မာ့ဟန် ရေးမူလက်ရာများကို ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများဖြင့် လေ့ကျင့်သရုပ်ပြသမှုများကို ကြည့်ရှု

**မြစ်ကြီးနား နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ ကျောင်းသားကျောင်းသူများ သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရေးအတွက် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျော့နည်းစေရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ် (Kaeru Caravan) နှင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ လေ့ကျင့်သရုပ်ပြခြင်း အခမ်းအနားကို နိုဝင်ဘာ ၆ ရက်က မြစ်ကြီးနားမြို့ ရှေရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သဘာဝဘေးကျရောက်သည့်အခါတွင် ကလေးများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်သောကြောင့်ယခုလိုဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းအားဖြင့် ပါဝင်သူများအနေဖြင့် အလေ့အကျင့် ရရှိစေခြင်း၊ ဂိမ်းပုံစံပြုလုပ်ပြီး လေ့လာဆော့ကစားနိုင်ခြင်းကြောင့် ဒေသတွင်းဘေးအန္တရာယ်ကာကွယ်ရေး အတွေ့အကြုံများနှင့် အသိပညာများ ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ယင်းကစားနည်းများမှရရှိသည့် အတွေ့အကြုံများဖြင့် သဘာဝဘေးအန္တရာယ် အရေးပေါ် အခြေအနေများကြုံတွေ့လာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ရေးအတွက် လိုက်ပါဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ခန်းမအတွင်း ပြည်နယ်/ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ကျောင်းသား ကျောင်းသူများအား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးကစားနည်း ၁၀ မျိုးကို လက်တွေ့သရုပ်ပြသခြင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ်တိုင် ပါဝင်ဆော့ကစားခြင်းတို့ဖြင့် အသိပညာပေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများဖြင့် လေ့ကျင့် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)



## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

*စာမျက်နှာ ၁၀ မှ*

အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စများ၊ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများနှင့် မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်ဆိုင်ရာ စည်းကမ်းချက်များ၊ အထွေထွေ ဥပဒေအကြံဉာဏ်ပေးရေး ဘာသာရပ်၊ ဥပဒေပြုအဖွဲ့အစည်းနှင့် ဥပဒေပြုအာဏာ၊ ဥပဒေမူကြမ်း စိစစ်ရေးဆွဲရေးနည်းလမ်းများ၊ တစ်ဆင့်ခံဥပဒေရေးဆွဲရေးနည်းလမ်းများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်းနည်းလမ်းများ၊ စာဖတ်နည်း၊ စဉ်းစားတွေးခေါ်နည်း၊ စာရေးနည်းနှင့် ဥပဒေရေးဆွဲနည်း အနုပညာ၊ ပြစ်မှုဆိုင်ရာ ဥပဒေများအကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ၊ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်စသည့် စာချွန်တော်အမိန့်များအကြောင်း၊ အစိုးရသို့မဟုတ် ရာထူးအလျောက် ဆောင်ရွက်ရသည့် ပြည်သူ့အရာထမ်းများက စွဲဆိုသည့် တရားမမှုများနှင့် ဥပဒေဆိုင်ရာ အထွေထွေကိစ္စရပ်များ သင်ကြားခဲ့ရပါသည်။ ဘာသာရပ်ပါအကြောင်းအရာများသည် တက်ရောက်သည့် သင်တန်းသားများ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိပြီး လုပ်ငန်းခွင်တွင် အသုံးပြုရမည့် ဥပဒေပိုင်းဆိုင်ရာ အတွေးသစ်များ၊ အမြင်သစ်များ ရရှိစေခဲ့ပါသည်။

ဥပဒေမူကြမ်းရေးဆွဲခြင်းဘာသာရပ်ကို ပို့ချသောအခါ မိမိတို့ဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲချိန်ကို အထူးသတိရမိပါသည်။ အဆိုပါဥပဒေရေးဆွဲစဉ်က ဤပညာရပ်ကို သိခဲ့လျှင် ပိုမိုလွယ်ကူ ထိရောက်မြန်ဆန်မည်ဟု သုံးသပ်မိပါသည်။ မိမိတို့ဌာနအနေဖြင့် ခိုင်မာသည့် ဌာနတစ်ခုအဖြစ် ရပ်တည်နိုင်အောင် ဥပဒေရေးဆွဲရေးအလုပ်သည် မဖြစ်မနေ ဆောင်ရွက်ရမည့်အလုပ်ဟု တစ်ဌာနလုံးအနေဖြင့် ခံယူ၍ အားသွန်ခွန်စိုက် တစိုက်မတ်မတ် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေနှင့်ပတ်သက်၍ ရန်ကုန်စီးပွားရေး တက္ကသိုလ်တွင် ပညာသင်ယူစဉ်က ကူးသန်းရောင်းဝယ်မှုဆိုင်ရာဥပဒေ၊ ပဋိညာဉ် စာချုပ်စာတမ်းတို့သင်ယူခဲ့ရပြီး ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဖွင့်လှစ်သည့် Diploma Of Business Law တွင် စီးပွားရေးဆိုင်ရာ ဥပဒေများ၊ စာချုပ်စာတမ်းများ သင်ယူခဲ့ရပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲခဲ့စဉ်က ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာနနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ သက်ဆိုင်ရာကော်မတီများနှင့် ဥပဒေကြမ်းကော်မတီများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အသီးသီးတို့တွင် ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ပြီး ငါးနှစ်ခန့်အကြာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဥပဒေမူကြမ်းရေးဆွဲရေးနှင့် ပတ်သက်၍ လက်တွေ့ဆွေးနွေးအကြံပြုချက်များကို On Job Training အနေဖြင့် သင်ယူလေ့လာပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။ ထိုစဉ်က ဥပဒေပညာရှင်များ၏ ဥပဒေရှုထောင့်မှ စကားရပ် အသုံးအနှုန်း၊ စာလုံးတစ်လုံးချင်း ထောက်ပြမှုများကို ယခုသင်တန်း တက်ရောက်ချိန်၌ ပိုမိုနားလည်လာခဲ့ပါသည်။ ဥပဒေမူကြမ်းရေးဆွဲရေးဌာနမှ စာချုပ်စာတမ်းကိစ္စများ၊ ရာဇဝတ်မှု၊ တရားမမှုဆိုင်ရာ တရားစွဲဆိုရေးကိစ္စများလည်း များစွာလေ့လာသိရှိခဲ့ရပြီး မိမိအနေဖြင့် ဌာနတွင်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများတွင် ဤဥပဒေဆိုင်ရာ ဘာသာရပ်များကို ပြန်လည်ပို့ချမျှဝေ ပေးလျက်ရှိပါသည်။

### မျှဝေခြင်းနှင့် လက်တွေ့အသုံးချခြင်း

အထက်ဖော်ပြပါ တက်ရောက်ခဲ့သော သင်တန်းများမှ စာတွေ့လက်တွေ့ သင်ကြားမှုများသည် အလုပ်စတင်ဝင်ရောက်သည့် စာရင်းစစ်ရာထူးမှ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုများ ရရှိသည်အထိ အသုံးပြုခဲ့ရသည့် အဖိုးမဖြတ်နိုင်သော သင်ယူရရှိမှုများ ဖြစ်ပါသည်။ မိမိသင်ယူခဲ့သော သင်တန်းအတွေ့အကြုံများကို လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများနှင့် ပေါင်းစပ်၍ ဌာနတွင်းသင်တန်းများတွင် သင်ကြားပို့ချခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချခြင်းဖြင့် အတူပူးတွဲဆောင်ရွက်နေသူများအား မျှဝေပေးလျက်ရှိပါသည်။ မိမိ၏ ဆရာတစ်ဦး လမ်းညွှန်မှာကြားသည်ကတော့ **“ကိုယ်ကိုယ်တိုင် သင်တန်းတက်သလို ကိုယ့်လိုလူတွေ အများကြီးဖြစ်အောင် မွေးထုတ်ပေးဖို့”** လိုသည် ဟူ၍ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အခြေခံပညာအရည်အချင်း တက်ရောက်ခဲ့သည့် သင်တန်းများ၊ လက်တွေ့ဆောင်ရွက်ဖူးသည့် လုပ်ငန်းနယ်ပယ်များ မတူညီကြ၍ စွမ်းဆောင်ရည် မြှင့်တင်ရေးကဏ္ဍတွင် တစ်ဦးနှင့်တစ်ဦး တူညီနိုင်မည်မဟုတ်ပေ၊ သို့သော် မိမိထက်သာလွန်စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများ ပေါ်ထွက်လာအောင် မိမိတို့ တာဝန်ထမ်းဆောင်ခွင့်ရခိုက် အချိန်မီလေ့ကျင့်ပေးရင်း လက်တွဲခေါ်ယူပူးပေါင်း ဆောင်ရွက်ခြင်းသည် မိမိတို့၏ တာဝန်ဖြစ်သည်ဟု ခံယူကာ စွမ်းဆောင်ရည် မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။

### စာရေးသူ၏ ဆန္ဒမွန်

ယနေ့လူငယ်များသည် နည်းပညာဘာသာရပ်ပိုင်း၌ နိုင်ငံတကာနှင့်အမီ လေ့လာနိုင်စွမ်းရှိသော အခြေအနေကောင်းများတွင် ကြီးပြင်းလာရသဖြင့် ထူးချွန်ထက်မြက်သူ များပြားလှပေသည်။ နောင်တစ်ခေတ်ဝယ် နိုင်ငံ၏ အားကိုးအားထားပြုရသော လူကောင်းလူတော်များဖြစ်အောင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အသိပညာများ မျှဝေပေးခြင်းတို့အပြင် လက်တွေ့ဆောင်ရွက်ခွင့်ရအောင်လည်း အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားပါမည်ဟု ဆန္ဒပြုရေးသားဖော်ပြလိုက်ပါသည်။ ။

# မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံ စီမံကိန်းဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံ လျာထားကေပြည့်မီအောင် စိုက်ပျိုးရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သည့် အကျိုးတူလယ်ယာစနစ် ဖွံ့ဖြိုးလာရေးနှင့် ဒေသ၏ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအား ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် တောင်သူများ အဓိကလိုအပ်သော ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများ အချိန်မီထောက်ပံ့ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များအား တွန်းအားပေးဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြင့်လွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။



**မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ချောက်ခရိုင် ရေနံချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များ ရေကြီးနစ်မြုပ်မှုနှင့် သဲနုန်းဖုံးခြင်းမှ ကာကွယ်ရန်အတွက် ဦးအောင်သောင်း ရိုးလျှိုပိတ်တမံနှင့် ဆက်စပ်လုပ်ငန်းများကို လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

**ရေလှောင်တမံများကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ကြက်မောက်တောင် ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်များကို ကြည့်ရှုစစ်ဆေးပြီး သဲဆန်သည့် စိုက်ဧရိယာများတွင် ရေအစက်ချစနစ် (Drip) သို့မဟုတ် ရေဖျန်းစနစ်(Splinker)များဖြင့် စံနမူနာပြလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ မိတ္ထီလာမြို့နယ် ရှမ်းမငယ် ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးပြီး ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထုတ်လုပ်မည့် သီးနှံများ၏ ရေလိုအပ်ချက်နှင့် စိုက်ပျိုးရေပေးဝေမှု ဟန်ချက်ညီဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# "နိုင်ငံတော်မူ မဟာဂီတကျမ်း" စာအုပ်မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

"နိုင်ငံတော်မူ မဟာဂီတကျမ်း" စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဖိတ်ကြားထားသူများ တက်ရောက်ကြ**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မဟာဂီတသီချင်းကြီးများ စိစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုစုရေးကော်မတီဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးမောင်မောင်လတ်(နောင်)၊ ဒုတိယဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ကော်မတီဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မဟာဂီတသီချင်းကြီးများ စိစစ်ရေးနှင့် ဂီတသင်္ကေတမှတ်တမ်းပြုစုရေး ကော်မတီဥက္ကဋ္ဌက "နိုင်ငံတော်မူ မဟာဂီတကျမ်း" နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က "နိုင်ငံတော်မူ မဟာဂီတကျမ်း" ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မဟာဂီတသီချင်းကြီးများစိစစ်ရေးနှင့် ဂီတသင်္ကေတ မှတ်တမ်းပြုစုရေး ကော်မတီဝင်များကို စာအုပ်များ ပေးအပ်သည်။

**စာအုပ်များပေးအပ်**

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်)၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)နှင့် အနုပညာအထက်တန်းကျောင်း (ရန်ကုန်)တို့မှ တာဝန်ရှိသူများကို စာအုပ်များ ပေးအပ်သည်။

**စာအုပ်များဝယ်ယူနိုင်**

မဟာဂီတသီချင်းကြီးများ စိစစ်ရေးနှင့် ဂီတသင်္ကေတ မှတ်တမ်းပြုစုရေးကော်မတီမှ တည်းဖြတ်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ထုတ်ဝေသော "နိုင်ငံတော်မူ မဟာဂီတကျမ်း"ကို တစ်အုပ်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ အမျိုးသားပြတိုက်(ရန်ကုန်)၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **သတင်းစဉ်**





# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ ဝူရှူးပြိုင်ပွဲ မရမ်းကုန်းမြို့နယ် တံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ ဝူရှူးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဆုချီးမြှင့်ပွဲသို့ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများ တိုက်စွမ်းရည် သရုပ်ပြသကြပြီး ပြိုင်ပွဲဝင်အားကစားသမားများ တိုက်စွမ်းရည်တစ်ဦးချင်း အမျိုးအစားအလိုက် ယှဉ်ပြိုင်ကြသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ထိုက်ချိကျန့် (အလွက်တန်း)(ကျား)၊ ချန်းစု (လူသစ်တန်း) (၁၀) နှစ်အထက် (မ)၊ ကွန့်စု (လူသစ်တန်း ) (၁၀) နှစ်အထက်(မ)၊ ကွန့်စု(လူဟောင်းတန်း)(၁၁)နှစ်အထက်(ကျား)၊ ချန်းစု (လူဟောင်းတန်း) (၁၈)နှစ်အထက်(ကျား)၊ ကွန်စု(လူဟောင်းတန်း)(၁၀)နှစ်အထက်(မ)၊ ချန်းစု (လူသစ်တန်း) (၁၀)နှစ်အထက် (ကျား)၊ ကွန့်စု (လူသစ်တန်း) (၁၀) နှစ်အထက် (ကျား)၊ ချွန်းစု (လူဟောင်းတန်း) (၁၀) နှစ်အထက် (မ)၊ မွန်းချွမ် (အလွတ်တန်း) (ကျား)၊ တန့် (လူဟောင်းတန်း) (၁၀) နှစ်အောက် (မ)၊ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာတို့က ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေ ၁၈ ခု၊ ငွေ ၁၂ ခု၊ ကြေး ၁၄ ခုဖြင့် စုပေါင်းတံခွန်စိုက်ရရှိသွားသော မရမ်းကုန်းမြို့နယ်အား ဆုဖလားချီးမြှင့်ပြီး **(အပေါ်ပုံ)** စုပေါင်းဓာတ်ပုံရိုက်သည်။ ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်က ကျင်းပခဲ့ပြီး မြို့နယ် ၁၂ မြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်းစုံမှ အားကစားသမား ၁၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

**အာကာစိုး**

# ဂါဇာကမ်းမြောင်ဆိုင်ရာ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်များအကြား သဘောထားကွဲလွဲနေဆဲ



**နယူးယောက် နိုဝင်ဘာ ၇**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲနေဆဲဖြစ်သည့်အတွက် အစ္စရေး-ဟားမားစ်ပဋိပက္ခနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ကို အတည်မပြုရသေးကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် နိုဝင်ဘာ ၆ ရက်က အရေးပေါ်တံခါးပိတ်အစည်းအဝေးတစ်ခုကို ပြုလုပ်ခဲ့ရာ ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာမှုနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်းနှင့် အမြဲတမ်းအဖွဲ့ဝင် မဟုတ်သောနိုင်ငံများက ဆုံးဖြတ်ချက်မူကြမ်းကို ပြင်ဆင်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့က အဆိုပြုသော ဆုံးဖြတ်ချက်များကို ပြီးခဲ့သည့်လတွင် ပယ်ချခဲ့သည်။ တရုတ်နှင့် ယူအေအီးနိုင်ငံများက အရေးပေါ်အစည်းအဝေးကျင်းပရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပါ အရေးပေါ် အစည်းအဝေးကျင်းပပြီးနောက်တွင် ၎င်းတို့ သံအမတ်များက ဂါဇာကမ်းမြောင်တွင် အရပ်သားများကို အကာအကွယ်ပေးနိုင်ရေးနှင့်ပတ်သက်ပြီး လူသားချင်းစာနာထောက်ထားမှုအတွက် အပစ်အခတ်ရပ်စဲကြရန် ပူးတွဲ တောင်းဆိုထားသည်။

ပဋိပက္ခဖြစ်ပွားမှု တစ်လအတွင်း ဂါဇာကမ်းမြောင်တွင် လူပေါင်း ၁၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီ ဖြစ်သည်။ လုံခြုံရေးကောင်စီအနေဖြင့် အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်ပြီး စုပေါင်းလုပ်ဆောင်သွားနိုင်မည်လားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ **အင်န်အိတ်ချ်ကေ**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး အရေးတကြီး လိုအပ်ကြောင်း ကုလအတွင်းရေးမှူးချုပ်ပြော

**ဂျီနီဗာ နိုဝင်ဘာ ၇**

ဂါဇာတွင်ဖြစ်ပွားနေသောကပ်ဆိုးကြီးကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသည် အချိန်နှင့်အမျှ ပိုမိုအရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားလိုက်သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

ဂါဇာအိပ်မက်ဆိုးကြီးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခထက် ပိုကြောင်းနှင့် လူသားမျိုးနွယ်များ၏ အခက်အခဲအကျပ်အတည်းဖြစ်ကြောင်း၊ ပဋိပက္ခများ ပိုမိုဆိုးရွားလာခြင်းသည် ကမ္ဘာကြီးကို တုန်လှုပ်စေကြောင်း၊ ဒေသတွင်းကို တုန်လှုပ်စေကြောင်း၊ ဝမ်းနည်းဖွယ်ရာ အကောင်းဆုံးဖြစ်ကြောင်း၊ အပြစ်မဲ့ဘဝပေါင်းများစွာကို ပျက်စီးစေကြောင်း ဂူတာရက်စ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့များ၏ မြေပြင်စစ်ဆင်ရေးနှင့် အဆက်မပြတ်ဗုံးကြဲတိုက်ခိုက်ခြင်းက အရပ်သားများ၊ ဆေးရုံများ၊ ဒုက္ခသည်စခန်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ကုလသမဂ္ဂအဆောက်အအုံများကို ထိခိုက်စေကြောင်း ဂူတာရက်စ်က ဆက်လက်ပြောသည်။

မည်သူမျှ ဘေးကင်းစိတ်ချမှုမရှိကြောင်း၊ တစ်ချိန်တည်းတွင် ဟားမားစ်နှင့် တခြားစစ်သွေးကြွများသည် အရပ်သားများကို လူသားဒိုင်းများအဖြစ် အသုံးပြုနေကြောင်းနှင့် အစ္စရေးတို့ကို ဒုံးကျည်များဖြင့် ဆက်လက်တိုက်ခိုက်နေကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားသည်။

ဂါဇာသည် ကလေးများအတွက် သုသာန်တစပြင်ဖြစ်လာကြောင်း၊ နေ့စဉ် မိန်းကလေးများနှင့် ယောက်ျားလေးများ အသတ်ခံနေရကြောင်း သို့မဟုတ် ဒဏ်ရာရရှိလျက်ရှိကြောင်း၊ သီတင်းပတ်လေးပတ်အတွင်း သတင်းထောက်များ ပိုမိုအသတ်ခံရကြောင်း၊ ကုလသမဂ္ဂ အကူအညီပေးရေးအဖွဲ့ဝင်များ အသတ်ခံခဲ့ရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယခုဖြစ်ပေါ်နေသော ပဋိပက္ခကြီးကို အမြန်ဆုံးငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်စေချင်ကြောင်း၊ အစ္စရေးနှင့် ပါလက်စတိုင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ငြိမ်းချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးကို ဖော်ဆောင်စေချင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းအရေးနှင့်ပတ်သက်ပြီး ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ တိုကျိုမြို့၌ စတင်ဆွေးနွေး

**တိုကျို နိုဝင်ဘာ ၇**

ဂျီ - ၇ မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ အရှေ့အလယ်ပိုင်း အရေးနှင့်ပတ်သက်ပြီး နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးမှု စတင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုသည် ဂါဇာကမ်းမြောင်ဒေသတွင် ပဋိပက္ခစတင်ဖြစ်ပွားမှု နောက်ပိုင်း ဂျီ - ၇ နိုင်ငံခြားရေးဝန်ကြီးများ၏ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံမှုလည်း ဖြစ်သည်။ ထိုတွေ့ဆုံဆွေးနွေးမှုကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်သွားရန် စီစဉ်ထားသည်။

နိုင်ငံတကာအခြေအနေများ ပိုမိုရှုပ်ထွေးပြီး ဆိုးရွားလာသည်နှင့်အမျှ ဂျီ - ၇ နိုင်ငံများအကြား နီးနီးကပ်ကပ် ဆက်သွယ်မှုရှိခြင်းသည် လွန်စွာအရေးကြီးကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကိုက ပြောသည်။

ကာမိကာဝါသည် ဟားမားစ်အဖွဲ့က ဓားစာခံဖမ်းဆီးထားသူများကို အမြန်ဆုံးလွှတ်ပေးရန် တောင်းဆိုသွားဖွယ် ရှိကြောင်းနှင့် ဂါဇာကမ်းမြောင်ဒေသမှ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုအဖြစ် တိုက်ခိုက်မှုကို ရပ်တန့်ရန် လိုအပ်ကြောင်းကိုလည်း အလေးပေးဆွေးနွေးသွားဖွယ်ရှိသည်။

ကာမိကာဝါသည် နိုဝင်ဘာ ၇ရက် အစောပိုင်းတွင် ကနေဒါ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၌ သီးခြားတွေ့ဆုံခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ချီလီနိုင်ငံတောင်ပိုင်း ကော်ရိုနယ်မြို့၌ မီးလောင်မှုဖြစ်ပွား၊ ၁၄ ဦးသေဆုံး

**ဆန်တီယာဂို နိုဝင်ဘာ ၇**

ချီလီနိုင်ငံတောင်ပိုင်း ဘီအိုဘီအိုဒေသ ကော်ရိုနယ်မြို့ရှိ စခန်းတစ်ခုတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၄ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများတွင် အရွယ်ရောက်သူ ရှစ်ဦးနှင့် ကလေးငယ် ခြောက်ဦး ပါဝင်ကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၆ ရက်က ပြောသည်။

မီးလောင်မှုတွင် မိသားစုသုံးစုပါဝင်ခဲ့ကြောင်းနှင့် ၁၄ ဦး သေဆုံးခဲ့ကြောင်း ကော်ရိုနယ် ဒုတိယအုပ်ချုပ်ရေးမှူး ဂျာဗီယာဗယ်လန်စီယာက ပြောသည်။

ကနဦးသတင်းဖော်ပြချက်များတွင် မီးလောင်မှုသည် ဘူးခွံများ၊ ခရီးဆောင်စင်များဖြင့် အလွယ်ဆောက်ထားသည့် စခန်းတွင်းရှိ အပေ့ါစားအိမ် တစ်လုံးမှ စတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တရားဝင်ဖော်ပြချက်တွင် မီးသည် အဆိုပါ အပေ့ါစားအိမ်ကို လောင်ကျွမ်းခဲ့ပြီးနောက် ဘေးသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့သွားခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါစခန်းတွင် နေထိုင်သူများ မကြာသေးမီက များပြားလာခဲ့ကြောင်းလည်း ဒုတိယ အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**



# ယခုနှစ် ပထမ ၁၀ လအတွင်း အီးဗွီကား ၂၂၀၀၀ ကျော် ဥဇဘက်ကစ္စတန် တင်သွင်း

**တာ့ရှ်ကင့် နိုဝင်ဘာ ၇**

ဥဇဘက်ကစ္စတန်နိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း လျှပ်စစ်ကား(အီးဗွီ) အစီးရေ ၂၂၄၉၀ တင်သွင်းခဲ့ကြောင်း အကောက်ခွန်ကော်မတီက နိုဝင်ဘာ ၇ ရက်တွင် ပြောသည်။ အဆိုပါ အီးဗွီကား တင်သွင်းမှုပမာဏသည် ပြီးခဲ့သည့်နှစ် အလားတူကာလက တင်သွင်းမှုထက် ခြောက်ဆ ပိုမိုများပြားကြောင်း သိရသည်။

ကိန်းဂဏန်းအချက်အလက်များအရ ဥဇဘက်ကစ္စတန်နိုင်ငံ၌ ယခုနှစ် အီးဗွီကားတင်သွင်းမှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၈၂ ဒသမ ၃ သန်းအထိ ရှိလာကြောင်း သိရသည်။ တရုတ်နိုင်ငံသည် အီးဗွီကား တင်သွင်းမှု အစီးရေ ၂၀၆၄၀ သို့မဟုတ် ၉၁ ဒသမ ၇ ရာခိုင်နှုန်း ရှိသည့်အတွက် တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သည်။

အခြားသော အီးဗွီကား တင်သွင်းသောနိုင်ငံများတွင် ယူအေအီး၊ တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တိုက်ကြီးမြို့နယ်၌ ဧက၂၀၀၀ အကျယ်အဝန်းရှိ မွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေ

ရန်ကုန် နိုဝင်ဘာ ၇

**ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်းမိုင်တိုင် ၃၄/၆ အနီး မြေဧရိယာ အကျယ်အဝန်း ဧက ၂၀၀၀ ပေါ်တွင် မွေးမြူရေးဇုန်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

အဆိုပါစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ နိုဝင်ဘာ ၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနဆိုင်ရာများ တာဝန်ရှိသူများနှင့် တိုက်ကြီးခရိုင်အုပ်ချုပ်ရေးမှူးတို့က ဌာနအလိုက်၊ လုပ်ငန်းကဏ္ဍများ လုပ်ငန်းများ စတင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဇုန်အတွင်းမွေးမြူရေးလုပ်ငန်းရှင်များနှင့် ဒေသခံမွေးမြူရေးသမားများအတွက် အခွင့်အလမ်းတစ်ရပ်အဖြစ် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုများစွာကို မြှုပ်နှံကာမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး လမ်းဖွင့်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တိုက်ကြီးမြို့နယ်၏ အချို့နေရာများသည် မိုးတွင်းကာလ၌ ရေကြီးနစ်မြုပ်မှုများရှိသဖြင့် ရေစီးရေလာကောင်းမွန်စေရေး၊ ရေဝပ်ဧရိယာများ မရှိစေရေး၊ သစ်တောများပြုန်းတီးမှုမရှိစေရေး ယခုလုပ်ငန်းစတင်နေသည့်အချိန်မှစ၍စနစ်တကျ စီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းဖောက်လုပ်နေသည့် လုပ်ငန်းခွင်များအတွင်းလှည့် လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။



မွေးမြူရေးဇုန်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

အဆိုပါ မွေးမြူရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အသားထုတ်လုပ်မှု ပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## တောင်ငူခရိုင်၌ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ၂၀၂၃ ခုနှစ်၌ မိုးစပါးစိုက်ဧက ၁၅၀၈၂၆ ဧကရှိရာ စက်တင်ဘာလလကုန်ပိုင်းမှစတင်၍ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိရာ ၁၅၄၂ ဧကကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၇၀ ခန့် ထွက်ရှိပြီး စပါးဈေးနှုန်းအနေဖြင့် နံ့ကောက်စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀၀ နှင့် ဆင်းသုခစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၅၂၀၀၀၀ ရှိကြောင်း သိရသည်။



ဖြူးမြို့နယ်မှ ထွက်ရှိသော နံ့ကောက်နှင့် ဆင်းသုခစပါးများကို အဆင့်မြင့် စပါးကြိတ်ခွဲစက်များဖြင့် ကြိတ်ခွဲ၍ ထွက်ရှိလာသော ဆန်များကို ဖြူးမြို့နယ်အတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ မြို့နယ်အသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကြိတ်ခွဲရောင်းချလျက်ရှိသော ဆန်ဈေးနှုန်းများမှာ နံ့ကောက်ဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀ နှင့် ဆင်းသုခဆန် ၂၄ ပါတစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၊ ဆန်ကွဲ ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ဖွဲနု ၇၂ ပေါင်ပါ တစ်အိတ်လျှင် ငွေကျပ်၂၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA(ပဲခူး)**



## အထက်မင်းလှမြို့နယ်၌ ဥစိုက်ကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဝါ၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့် အခြားစားဖိုဆောင်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြပြီး ကုန်းကြီးကျေး ရွာအုပ်စု၊ ဂျင်ရဲမြောင်(စံပြ)ကျေးရွာ၌ ဇော်မွှား (ခေါ်) ဥစိုက်ကြက်သွန်နီများ ရေသွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးရာသီကာလတွင် ဥစိုက်ကြက်သွန်နီကိုသာ စိုက်ပျိုးကြပြီး ဆောင်းရာသီတွင်စိုက်ပျိုးမည့် ကြက်သွန်နီများမှာ ပျိုးထောင်ဆဲဖြစ်ကြောင်း၊ ဥစိုက်ကြက်သွန်နီများကို စလင်း၊ ပွင့်ဖြူ၊ တောင်သာ၊ မြင်းခြံစသော ဒေသတို့မှ တစ်ပိဿာလျှင်ငွေကျပ် ၃၈၀၀ မှ ၄၀၀၀ ဖြင့် ဝယ်ယူပြီး တစ်ဧကလျှင် ပိဿာ ၄၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် တူးဖော်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် ရေကောင်း၊ မြေကောင်းသည့်နှစ်များတွင် တစ်ဧကလျှင် ပိဿာချိန် ၆၀၀၀ နီးပါးထွက်ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် အလုပ်သမားခ အပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၄၀ ကျော် ကုန်ကျပြီး ကြက်သွန်နီစိုက်ခင်းများ လှိုင်လှိုင်တူးဖော်ကြသည့်အချိန် တွင် လုပ်အားခမှာ ပိုမိုကုန်ကျကြောင်း၊ ကြက်သွန်နီဥ အရွယ်အစားအလိုက် ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးရရှိကြောင်း၊ တူးဖော်ရရှိသည့် ကြက်သွန်နီများကို ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံသို့ တိုက်ရိုက် တင်ပို့ရောင်းချရကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**DOCA (မကွေး)**

## နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများ ရိတ်သိမ်းပြီးစီးမှုနှင့် ဈေးနှုန်းအခြေအနေ

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ ၂၀၂၃ ခုနှစ် တွင် မိုးဦး၊ မိုးလယ်မြေပဲ စုစုပေါင်းစိုက်ဧကမှာ ၄၀၄၆၂ ဧက စိုက်ပျိုးခဲ့ကြောင်း၊ မိုးဦးမြေပဲ စိုက်ပျိုးဧက ၁၉၃၈၈ ဧက၊ မိုးလယ်မြေပဲ စိုက်ပျိုးဧက ၂၁၀၇၄ ဧက စိုက်ပျိုးခဲ့ပြီး အောက်တိုဘာလကုန်တွင် မိုးဦးမြေပဲများအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ၄၂ ဒသမ ၇၅ တင်းနှုန်းဖြင့် တင်းပေါင်း ၈၂၈၃၇ တင်း ထွက်ရှိခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများစတင်ပေါ်ချိန်တွင် ဖြစ်ပေါ်ခဲ့သော မြေပဲဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၊ မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ခန့်ရှိခဲ့ပြီး လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ မြေပဲလုံး ဆန်တစ်ပိဿာလျှင် ငွေကျပ် ၅၆၀၀၊ မြေပဲဆီဆန်တစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀၊ မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၊ ပဲဆီတစ်ပိဿာ ငွေကျပ် ၁၃၀၀၀ ခန့်ရှိကြောင်း နွားထိုးကြီးမြို့ရှိ သီးနှံပွဲရုံပိုင်ရှင်တစ်ဦးထံမှ သိရသည်။



## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဆောင်ရွက်နိုင်မှုအခြေအနေ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ရခိုင်ပြည်နယ်၊ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၄၇၃ သန်း တင်ပို့ခဲ့ကြောင်း သိရှိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ ၂၅၉ တန်၊ ဆီးဖတ် ၁၁၈ တန်၊ အုန်းသီးခြောက် ၁၀၆ တန်၊ ကွမ်းသီး ၂၃ တန်၊ ချင်းအစို ၂၅ တန်၊ နနွင်းတက် ၁၂ တန်၊ ကြက်သွန်နီ ၁၀ တန်၊ ငါးမြစ်ချင်း(၁-၂) ၅၂ ဒသမ ၈ တန်၊ ငါးမြစ်ချင်း (၂-၃) ၅၁ ဒသမ ၄၅၆ တန်၊ ငါးမြစ်ချင်း (၃-၅) ၁၅ ဒသမ ၄၀၈ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) ၇ ဒသမ ၂၉၆ တန်၊ ငါးသိုင်းခေါင်းပွ (၈ ကီလိုအထက်) ၁၁ ဒသမ ၂၈ တန်၊ ငါးသလောက် (၅၀၀-၈၀၀) ၀ ဒသမ ၅၀၄ တန်၊ ငါးသလောက် (၈၀၀-၁၀၀၀) တန် ၁ ဒသမ ၀၅၀၊ ငါးသလောက် (၁၀၀၀-၁၂၀၀) ၀ ဒသမ ၉၆၆ တန်နှင့် ဆီးယိုထုပ် သုံးတန်တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

ဒေါ်လာငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၉ ဒသမ ၄၀ တာကာနှင့်တစ်တာကာလျှင် ငွေကျပ် ၂၇ ဒသမ ၂၀ ဖြစ်ကြောင်း သိရသည်။ **DOT(စစ်တွေ)**

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ရှမ်းပြည်နယ် ဥပဒေချုပ်ရုံး၏ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**တောင်ကြီး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုအောက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတတ်လာစေရေးအတွက် ရုံးလုပ်ငန်း သင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(**ယာပုံ**)

အခမ်းအနားတွင် ရှမ်းပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံက သင်တန်းသားများအနေဖြင့် သင်ကြားပို့ချမှုများကို မိမိတို့၏ရှိပြီးသား အရည်အသွေးများနှင့်ပေါင်းစပ်၍ ပိုမိုတိုးတက်အောင် ကြိုးစားကြစေလိုကြောင်း ၊ လေ့လာသင်ယူခြင်းဖြင့် မိမိတို့၏ အရည်အချင်းများကို မြှင့်တင်ကြရန်လိုကြောင်း၊ သင်တန်း စည်းကမ်းများနှင့်အညီ စနစ်တကျနေထိုင်ပြီး သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို သေချာလေ့လာမှတ်သား၍ နားလည်တတ်ကျွမ်းမှုရှိအောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၁ ဦး တက်ရောက်ပြီး ငွေစာရင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ/နည်းဥပဒေ၊ တရားစွဲအမှုလိုက်၊ စီမံဝန်ထမ်းရေးရာ၊ မြန်မာနိုင်ငံ လျှို့ဝှက်ချက်ဥပဒေ၊ ရုံးလုပ်ငန်း၊ စီမံကိန်း၊ စာရင်းစစ်၊ ပင်စင် စသည့်ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



## ခရီးသွားလုပ်ငန်းများ မြှင့်တင်မှုအနေဖြင့် ငပလီဆောင်းဦးပွဲတော်ကို ၁၀ ရက်တိုင်တိုင် ကျင်းပမည်

**သံတွဲ နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ်၏ အဓိကခရီးစဉ်တစ်ခုဖြစ်သည့် ငပလီကမ်းခြေတွင် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ အေးချမ်းသာယာစွာ လာရောက်အပန်းဖြေအနားယူနိုင်ကြောင်း အသိပေးနှိုးဆော်သည့်အနေဖြင့် ကျင်းပပြုလုပ်မည့် ငပလီဆောင်းဦးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၆ ရက်က သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်က ဆောင်းဦးပွဲတော်ကို ကျင်းပမည့် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီးနောက် သက်ဆိုင်ရာ ကော်မတီများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆောင်းဦးပွဲတော် ငပလီကမ်းခြေတွင် ကျင်းပနိုင်ရေးနှင့် ပွဲတော်အတွင်း မီးပုံပွဲ၊ သဲသောင်ပြင်ကို ကစားပြိုင်ပွဲများ၊ သဲပန်းချီပြပွဲ၊ စက်ဘီးစီးပွဲ၊ လွန်ဆွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ညဈေးတန်း၊ ဈေးရောင်းပွဲတော်၊ တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းဆိုင်များ၊ MSME အရောင်းဆိုင်ခန်းများ၊ စတိတ်ရှိုးနှင့် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှု ပြိုင်ပွဲများဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၇ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဆောင်းဦးပွဲတော် ဖြစ်မြောက်ရေး ဦးစီးကော်မတီထံမှ သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မစားရသည့်အမဲ သဲနှင့်ပက်ကြသူများ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တက်ဖို့အမြဲချောင်းနေတဲ့ ကုန်ဈေးနှုန်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုပေါ်ဆန်းစပါးကို ဒေသတစ်ခုထုတ်ကုန်တစ်မျိုးအဖြစ် လျာထားစိုက်ပျိုး

ကန့်ဘလူ နိုဝင်ဘာ ၇

**ရွှေဘိုပေါ်ဆန်းစပါးကို ကန့်ဘလူဒေသကိုယ်စားပြုသော ထုတ်ကုန်တစ်မျိုးအဖြစ် ရေရှည်တည်တံ့စေရန်၊ ရွှေဘိုပေါ်ဆန်း၏ ဈေးကွက်ခိုင်မာစွာ ရပ်တည်နိုင်စေရန်၊ ရွှေဘိုပေါ်ဆန်းစပါးမျိုးကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရန်၊ ဈေးကွက်ခိုင်မာစွာဖြင့် မူပိုင်ခွင့်ရရှိပြီး မြို့နယ်အတွင်း ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးသူ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ရွှေဘိုပေါ်ဆန်းစပါးသည် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချသည့်အပြင် အခြားဒေသများသို့ပါ တင်ပို့ရောင်းချရသဖြင့် ဈေးကွက်ခိုင်မာသော စပါးမျိုး တစ်မျိုးအဖြစ်ရပ်တည်လျက်ရှိပြီး ဈေးကောင်းရရှိသဖြင့် ကန့်ဘလူမြို့နယ်မှ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်။

ကန့်ဘလူမြို့နယ်၌ တောင်သူများ အကျိုးအမြတ် ပိုမိုရရှိသော အရည်အသွေးကောင်း၊ ရွှေဘိုပေါ်ဆန်းစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိပြီး ရွှေဘိုပေါ်ဆန်းစပါးစိုက်ပျိုးသူတောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပညာပေးကွင်းဆင်းဟောပြောခြင်း၊ ဈေးကွက်ခိုင်မာစေရေး ဆန်စက်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ အချင်းချင်း ညှိနှိုင်းချိတ်ဆက် ဖြန့်ဖြူးရောင်းချခြင်း၊ မျိုးသန့်စပါးများ အသုံးပြုစိုက်ပျိုးစေရေး စသည့်လုပ်ငန်းများကို တောင်သူများ၊ ဆန်စက် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်၌ ရွှေဘိုပေါ်ဆန်းစပါးစိုက်ကေများအနေဖြင့် ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ၃၂၀၃၅ ဧက၊ ၂၀၁၉- ၂၀၂၀ ခုနှစ်တွင် ၄၂၂၈၇ ဧက၊ ၂၀၂၀- ၂၀၂၁ ခုနှစ်တွင် ဧက ၂၈၀၈၀၊ ၂၀၂၁- ၂၀၂၂ ခုနှစ်တွင် ၃၀၈၀၃ ဧက၊ ၂၀၂၂- ၂၀၂၃ ခုနှစ်တွင် ၁၅၃၇၆ ဧက၊ ယခုနှစ် ၂၀၂၃- ၂၀၂၄ ခုနှစ်တွင် ၂၃၀၅၉ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း၊ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၀ ကျော်အနက် ကျေးရွာအုပ်စု ၃၀ က တောင်သူပေါင်း ၁၂၉၈၂ ဦးတို့က ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးဦးစီးဌာနဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။



ထို့ပြင် စက်ကိရိယာစွမ်းအားဖြင့် စိုက်ပျိုးမှု၏ အားသာချက်များကို သိရှိစိုက်ပျိုးလာနိုင်စေရန် ကွင်းဆင်း ဟောပြောခြင်း၊ ကောက်စိုက်စက်များဖြင့် လက်တွေ့သရုပ်ပြခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စက်ဖြင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကုန်ကျမှုသက်သာခြင်း၊ လုပ်အားခသက်သာခြင်း၊ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းမွန်လာမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ထွန်းက ပြောသည်။

ယခုအခါ ကန့်ဘလူမြို့နယ်၌ ရွှေဘိုပေါ်ဆန်းစပါးများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာစေရေးအတွက် နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် စက်ကိရိယာများဖြင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဝါးခယ်မမြို့နယ်အတွင်း မိုးစပါးစံကွက်ရိတ်သိမ်းနေမှုကြည့်ရှု

**ဝါးခယ်မ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် နိုဝင်ဘာ ၆ ရက်က ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာအုပ်စု သဲကုန်းကျေးရွာ မိုးစပါးစံကွက် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းနေမှုနေရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သဲကုန်းကွင်း အမှတ် (၂၀၀၃)၊ ဦးပိုင်အမှတ်(၁၇/၂)ရှိ တောင်သူ ဦးရွှေပွားလုပ်ကိုင်ခွင့် ရရှိထားသော လယ်မြေတွင် မိုးစပါး ခုနစ်ကေ (ကြာညိုသင်း နှစ်ကေနှင့် နယူးရောဂါးကေ) ရိတ်သိမ်းနေမှု၊ သဲကုန်းကွင်း အမှတ် (၁၀၀၀/က)၊ ဦးပိုင်အမှတ် (၁၇/က)ရှိ တောင်သူ ဦးဝင်းဗိုလ် လုပ်ကိုင်ခွင့် ရရှိထားသော လယ်မြေတွင် မိုးစပါး ခြောက်ကေ (နယူးရော) ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် တာဝန်ရှိသူများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သိန်းထွန်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးတို့က နွေစပါးနှင့် ဆောင်းသီးနှံများ ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**

# သံတောင်ကြီးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ် ဆေးထိုးနှံ

**သံတောင်ကြီး နိုဝင်ဘာ ၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဖေယျာဦးနှင့် ကျန်းမာရေးဝန်ထမ်းများက အသက် ကိုးနှစ်ပြည့်ပြီး ၁၂ နှစ် မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါ(HVP) ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို နိုဝင်ဘာ ၆ ရက်က တောပြာကြီးကျေးရွာ ဘုရားကျောင်းခန်းမ၌ ထိုးနှံပေးသည်။

သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံမည့် အသက်ကိုးနှစ် နှင့် ၁၂ နှစ်အတွင်းရှိ ကျောင်းသူများ၏ စာရင်းများမှတ်တမ်းရေးသွင်းခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပေးပြီး စနစ်တကျ ထိုးနှံပေးပြီး သံတောင်ကြီးမြို့နယ်အတွင်း သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ကျောင်းသူများကို သက်ဆိုင်ရာကျေးရွာများအလိုက် စုရပ်များသတ်မှတ်ကာ ဆက်လက် ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ထံမှ သိရသည်။

**နော်လော်မူ**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများပြုလုပ်

**လူငယ်များအသိပညာ ဗဟုသုတများရရှိစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ပြုလုပ်လျက်ရှိကြောင်း သိရသည်။**

## မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန်နှင့် အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၇ ရက်က ဝမ်ကောင်းကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က လူငယ်များ အသိဉာဏ်ပညာဗဟုသုတပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး "စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြ"အကြောင်းကို ဟောပြောသည်။

ထို့နောက် ရပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက "လူငယ်နဲ့ ရည်မှန်းချက်" အကြောင်း၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်က "လူငယ်နဲ့ပေါင်းသင်းဆက်ဆံရေး" အကြောင်းကို ဟောပြောခဲ့ကြပြီး လူငယ်ရေးရာ စာအုပ်စာစောင်ပြပွဲ၊ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်ပြပွဲနှင့်ဓာတ်ပုံပြပွဲများကို ခင်းကျင်း ပြသခဲ့ကြောင်း သိရသည်။ **ထွန်းမြင့်လှိုင်(ပြန်/ဆက်)**





## ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နိုဝင်ဘာ ၆ ရက်က အ.မ.က(သဲကော)ကျောင်းနှင့် အ.မ.က(လောင်းဇလီ) ကျောင်းများ၌ အသိပညာပေးဟောပြောခြင်း၊ ပုံပြင်ပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ယနေ့လူငယ်များသည် တိုးတက်လာသောခေတ်ရေစီးကြောင်းနှင့်အညီ အင်တာနက် သုံးစွဲမှုများပြားလာသည့်အလျောက် အကောင်းအဆိုး ခွဲခြားတတ်စေရန်၊ အယုံမလွယ်မိစေရန်၊ အင်တာနက်မှတစ်ဆင့် ဗဟုသုတများရရှိနိုင်သည့် နည်းလမ်းများ၊ စာအုပ်စာပေများသည်လည်း မည်မျှပင်ဟောင်းနွမ်းစေကာမူ ပညာဗဟုသုတများစွာရရှိနိုင်သည့်အတွက် လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနံရံကပ်စာစောင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကို နိုဝင်ဘာ ၆ ရက်က အထက အုတ်တွင်းနှင့်အလက(ခွဲ)ပဲခူးလမ်းကျောင်းတို့၌ ကျင်းပသည်။

အဆိုပါ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ Grade-5 ကျောင်းသား ကျောင်းသူ ၄၈ ဦး၊ Grade-6 ကျောင်းသား ကျောင်းသူ ၄၉ ဦး၊ Grade-7 ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ Grade-8 ကျောင်းသား ကျောင်းသူ ၃၆ ဦး၊Grade-9 ကျောင်းသား ကျောင်းသူ ၄၀ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး တာဝန်ရှိဆရာ ဆရာမများက လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူများထဲမှ သတ်မှတ်အရည်အချင်း ပြည့်မီသည့်သူများကို တိုင်းဒေသကြီးအဆင့်သို့ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**



# ရာသီပေါ်အစာ မှိုအုံးနက်ဈေးကောင်း၍ ဒေသခံများအပိုဝင်ငွေရရှိ

**မြင်းမူ နိုဝင်ဘာ ၇**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သဘာဝအလျောက်ပေါက်ရောက်သော မှိုအများအပြား နုတ်ယူရောင်းချချိန်ဖြစ်သောကြောင့် မိသားစုအတွက် အပိုဝင်ငွေရရှိချိန်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလအချိန်များတွင် သဘာဝအလျောက် ရွာပတ်ဝန်းကျင်နှင့် တောင်သူစိုက်ပျိုးရာ တောစပ်ချုံတန်းများတွင် မှိုအများအပြားပေါက်ရှိချိန်ဖြစ်ရာ နုတ်ယူရောင်းချသူများအနေဖြင့် ဝင်ငွေပိုမိုရရှိကြကြောင်း၊ ဒေသအခေါ် မှိုအုံးနက်မျိုးဖြစ်ကြောင်း၊ စားသုံးသူများ နှစ်သက်မှုရှိပြီး ရောင်းချရာတွင် အဆင်ပြေကြောင်း၊ ရွာမှာပင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ၁၇၀၀၀ ဈေးအထိ ဝယ်ယူကာ မြို့ပေါ်ဈေးနှင့် စစ်ကိုင်း၊ မန္တလေးများသို့တင်ပို့ရောင်းချရကြောင်း၊ လက်ရှိပြန်ရောင်း ဈေးအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ၃၀၀၀၀ ကြားအထိ ဈေးရှိကြောင်း၊ အဓိကစားသောက်ဆိုင်ကြီးများက မှာယူလျက်ရှိပြီး တန်ဆောင်မုန်းလကုန်ပြီးချိန်တွင် မှိုထွက်ရှိမှုမရှိတော့ကြောင်း မှိုဖောက်သည်ယူရောင်းချနေသူ ဒေါ်သုထံက သိရသည်။

ယခုနှစ်သည် မိုးကောင်းသည့်နှစ်ဖြစ်သောကြောင့် မှိုအများအပြားပေါက်ရောက်ကြောင်း၊ မှိုရှာသူများအနေဖြင့် တစ်ဦးလျှင် အနည်းဆုံး ငါးပိဿာမှ အချိန် ၁၀ အထိ ရရှိကြောင်း၊ အချို့မိသားစုအလိုက် မှိုရှာဖွေကြရာ အချိန် ၂၀ အထိ ရရှိကြသည်ဖြစ်ရာ မိသားစုအနေဖြင့် ဝင်ငွေပိုမိုရရှိလျက်ရှိကြောင်း မှိုရှာဖွေရောင်းချသူများထံက သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ငပုတောမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ပေါ်၌ အယောက် ၂၀ နှင့် ၂၁ ယောက်မြောက် ကလေးငယ် နှစ်ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်

**နေပြည်တော် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီး ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါ နယ်လှည့်အထူးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန် ရိုက်လူနာ ၄၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်း သပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ ၁၀ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်နေမှုများကို နယ်မြေခံ ရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ ဆေးရုံတက်ရောက်နေသည့် လူနာများနှင့် မျက်စိ ခွဲစိတ်လူနာများအား မျက်မှန်များ တပ်ဆင်ပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာ ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပမ္မဝတီရေတပ်စခန်း ဌာနချုပ်မှူးက ပေးအပ်ခဲ့သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ဒုတိယအကြိမ် မွေးဖွားသည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ၏ ဆေးကုသမှု သမိုင်းမှတ်တမ်းတွင် အယောက် ၂၀ မြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ယနေ့မွန်းလွဲပိုင်းတွင် ငပုတောမြို့နယ် ညောင်ဝိုင်းကျေးရွာနေ ဦးသီဟ၏ ဇနီးဖြစ်သူ ဒေါ်နန်းမိုးထွေး၏ ဒုတိယမြောက် သမီးရတနာကို တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ပေါ်၌ သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီး ဉာဏ်လင်းအောင်က ခွဲစိတ် မွေးဖွားပေးခဲ့ရာ ကိုယ်အလေးချိန် ၆ ပေါင် ၈ အောင်စရှိပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်မှုရှိကြောင်း နှင့် တပ်မတော်ပင်လယ်သွား ဆေးအဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ တပ်မတော်ဆေးရုံ (ခုတင်-၂၅) ၌ အခြေပြု၍ အဆိုပါရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၀၁၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၄၂ ဦး၊ ခွဲစိတ်ရောဂါ ၇၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၈ ဦး၊ ကလေးရောဂါ ၅၄ ဦး၊ အရိုးရောဂါ ၁၃၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၈ ဦး၊ မျက်စိရောဂါ ၂၁၈ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၈၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် ငပုတောမြို့နယ် ကန်မလာကျေးရွာနေ ဦးမြင့်ဦး၏ဇနီးဖြစ်သူ ဒေါ်အိရွှေစင် ၏ သုံးယောက်မြောက် သမီးရတနာကို သားဖွားမီးယပ်ပါရဂူ ဗိုလ်ကြီး ဉာဏ်လင်းအောင်က တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ပေါ်၌ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီ ၇မိနစ်တွင် မွေးဖွားပေးခဲ့ရာ ကိုယ်အလေးချိန် ခုနစ်ပေါင်ရှိပြီး မိခင်နှင့် ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အတွက် ကာကွယ်ရေးဦးစီးချုပ် (ရေ) မှ ပေးအပ်သည့် ထောက်ပံ့ ဆေးရုံရေယာဉ် (သံလွင်) ၏ ဆေးကုသမှုသမိုင်းမှတ်တမ်းတွင် ၂၁ ဦးမြောက် ကလေးငယ်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့တွင် ဟင်္သာတမြို့ရှိ လယ်တော် ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၅၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၂၈ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၁၃ ဦး၊ အရိုးရောဂါ ၁၂၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၆ ဦး၊ မျက်စိရောဂါ ၁၀၆ ဦးနှင့် သွားရောဂါ ၄၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါ အားဖြည့်ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် ဒေသခံပြည်သူ ၁၂၀ တို့ကို ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ယင်းနောက် လယ်တော် ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား သွားရောဂါကုသမှုပါရဂူက သွားနှင့်ခံတွင်း ကျန်းမာရေးအကြောင်း အသိပညာပေး ဟောပြောပြီး ကလေးကုသမှု ပါရဂူနှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ပါရဂူတို့က ကလေးငယ်များအား ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ၌ မျက်စိခွဲစိတ်လူနာများအား နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှ ဌာနချုပ်မှူးက မျက်မှန်များ တပ်ဆင်ပေးစဉ်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

ယခုကဲ့သို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည် -



မသဇင်အောင်

**မသဇင်အောင်**
**(မဲခရဲကျေးရွာ ဟိုင်းကြီးကျွန်း)**

"ကျန်ခဲ့တဲ့နှစ်က ကျွန်မတို့ ဟိုင်းကြီးကျွန်းကို တပ်မတော် နယ်လှည့် ဆေးကုသရေးအဖွဲ့က လာရောက်ဆေးကုသပေးလို့ နားသွားပြလိုက်ပါတယ်။ သက်သာပါတယ်။ အခုတစ်ခေါက်လည်း ကျွန်မတို့ မဲခရဲကျေးရွာကနေ ဟိုင်းကြီးကျွန်းကို လာရောက် ဆေးကုသမှု ခံယူတာပါ။ အခု ကျောက်ကပ်ရောဂါ ဖြစ်နေလို့ ဆေးကုသမှု ခံယူဖို့လာတာပါ။ အခုလို လာရောက်ကုသပေးတဲ့ အဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဦးတည်း မဟုတ်ပါဘူး။ လူကြီး၊ လူငယ် အကုန်လုံးကို လာရောက်ပြီး ကုသပေးရတဲ့အတွက် ဒီထက်မက တစ်နှစ်ပြီး တစ်နှစ် လာရောက်ကုသပေးစေချင်ပါတယ်။ အခုလို့ စီစဉ်ပေးတဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများအားလုံးကို အထူးပဲကျေးဇူးတင်ပါ တယ်" ဟု ပြောသည်။



ဦးကံမြင့်

**ဦးကံမြင့်**
**(ရွှေစေတီရပ်ကွက် ဟင်္သာတမြို့)**

"မျက်စိကွယ်သွားလို့၊ မျက်စိ မမြင်ရလို့ လာရောက်ကုသခံတာပါ။ အခုမှပဲ ကျွန်တော်တို့လည်း စေတနာဆရာဝန်ဆိုတာ ဒီတစ်ခါပဲ မြင်ဖူးတော့တယ်။ သိပ်တော့မကြာသေးဘူး။ တစ်ဖက်တည်း မြင်နေရတာ ၁၀ ရက်လောက်တော့ရှိပြီ။ အခုလိုက်ပြီး ကုသပေးနေတယ် ကြားလို့ ကျွန်တော်လည်း လာရောက်ကုသရတာ။ လာပြီးကုတော့ အခုမြင်ရတော့ ဝမ်းလည်းသာပါတယ်။ ဒီကလုပ်ပေးတာ တော်တော်စေတနာပါတယ်။ အဲဒါကြောင့် မလို့ စေတနာဆရာဝန် ဒီတစ်ခါပဲ မြင်ဖူးတာလို့ ပြောတာဗျ။ ကုပေးတဲ့ ဆရာဝန်တွေရော၊ ကျွန်တော့်ကို ဝိုင်းဝန်းလုပ်ကိုင်ပေးတဲ့သူတွေကိုရော အများကြီးဝမ်းသာပါတယ်။ အခုလိုကုသပေးတဲ့ ဆရာဝန်တွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ စေတနာဆရာဝန်ရှိတယ်ဆိုတာ ဒီတစ်ခါပဲ မြင်ဖူးပါတယ်" ဟု ပြောသည်။

**သတင်းစဉ်**

## ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**



## ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**




## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် သံဃာတော်များအား ဆွမ်းကပ်လှူ

**ရန်ကုန် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းမိသားစုများက နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ပင့်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ချီးမြှင့်သည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းနှင့် ထွေ/အုပ် ရုံးဝန်ထမ်း မိသားစုများ စုပေါင်း၍ ဆရာတော်၊ သံဃာတော်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## မြိတ်မြို့ အ.ထ.က(၆)တွင် လူငယ်စကားဝိုင်းကျင်းပ

**မြိတ် နိုဝင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူ လူငယ်အချင်းချင်း အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းကို အထက(၆) မြိတ်တွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။ **(ယာပုံ)**



စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်က အမှာစကားပြောကြား၍ မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စတင်ခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင်လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်ပိုးအိလှိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ အထက်တန်းကျောင်းသား ကျောင်းသူ လေးဦးက ဆွေးနွေးကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပါဝင်ဆွေးနွေးခဲ့ကြပြီး ဦးဆောင်သူများက ပြန်လည်ဖြေကြားကြသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းနှင့် အမျိုးသားအောင်ပွဲနေ့အကြောင်း အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၁၁ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ဒေးဒရဲမြို့နယ် ရွှေဘိုစုကျေးရွာ အ.ထ.က ကျောင်း(ခွဲ)တွင် လူငယ်စကားဝိုင်းကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရွှေဘိုစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၇ ရက်က လူငယ်စကားဝိုင်းကျင်းပရာ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့်မူးယစ်ဆေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၄၇၂ | ၄၀၉၅၇၀၀ |
| MTSH | ၂၉၅၀ | ၂၉၀၀ | ၂၉၂ | ၈၅၁၄၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၂၉၀ | ၄၇၈၅၀၀ |
| TMH | ၂၅၅၀ | ၂၄၅၀ | ၃၅ | ၈၇၂၅၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၅၂၈ | ၅၀၅၆၀၅၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၁၁ | ၅၃၈၀၀ |
| MAEPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “နွယ်လေး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာနေ သန်းနွယ်အား နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Honey Min Min” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၈)နေ ဟန်နီမင်းမင်း(ခ) ဟန်နီအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Than Than Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် တိုက်ကြီးကုန်းကျေးရွာနေ သန်းသန်းမြင့်အား မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ “Chaw Chaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ် ကူမဲမြို့ အမှတ်(၁)ရပ်ကွက်နေ နှင်းနှင်းဦး(ခ) မချောအား ညနေ ၅ နာရီမိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ရှိန်းခေါင်ကျေးရွာတွင် အဆောက်အအုံ ၆၃ လုံး မီးကူးစက် လောင်ကျွမ်းခဲ့ပြီး လူဦးရေ ၃၀၃ ဦးခန့် မီးဘေးသင့်


**ပူတာအို နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု ရှိန်းခေါင်ကျေးရွာတွင် ယနေ့ နံနက်ပိုင်း ၁၂ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှု စတင်ဖြစ်ပွားခဲ့ရာ ဘာသာရေး အဆောက်အအုံနှင့် လူနေအိမ် အဆောက်အအုံများ မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ မီးလောင်မှုကြောင့် ဘာသာရေး အဆောက်အအုံ ဘုရားကျောင်း တစ်လုံး၊ ဓမ္မဆရာ နေအိမ် တစ်လုံး၊ ကျောင်းဆရာ ဆရာမ နေအိမ်နှစ်လုံးနှင့် အခြား လူနေအိမ် ၅၉ လုံး စုစုပေါင်း ၆၃ လုံး မီးကူးစက်လောင်ပြီး လူဦးရေ အမျိုးသား ၁၄၉ဦး၊ အမျိုးသမီး ၁၅၄ ဦးစုစုပေါင်း ၃၀၃ ဦး မီးဘေးသင့်ခဲ့သည်။

မီးလောင်မှုကြောင့် အဆောက်အအုံ ခန့်မှန်းဆုံးရှုံးမှု တန်ဖိုး ၂၃၄၅ သိန်းခန့်နှင့် နေအိမ်များတွင် ရောင်းချရန် သိုလှောင်ထားရှိသည့် ဒေသထွက်ရှာကောပါကော ပိဿာချိန်ပေါင်း ၃၅၉၀၂၆ ပိဿာခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ နယ်မြေခံ တပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ် (ရှိန်းခေါင်)မှ တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၄ နာရီ ၅၅မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးဘေးသင့်သူများအား ဌာနေပြည်သူ့စစ်တပ်ဖွဲ့ပိုင် ရဲမေလိုင်းခန်း၊ ဆေးပေးခန်းနှင့်ဘုရားကျောင်းတို့တွင် ယာယီနေရာချထားပေးကာ စားသောက်ရေးအတွက် ဌာနေပြည်သူ့စစ်တပ်ဖွဲ့မှ ဆန်၊ ဆီ၊ ဆားများ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ခေါင်လန်ဖူးမြို့နယ်မှလည်း မီးဘေးသင့်သူများအား ထောက်ပံ့နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ မီးစတင်လောင်ကျွမ်းခဲ့သည့် နေအိမ်ပိုင်ရှင် ဒေါ်ရီလီနာအား ခေါင်လန်ဖူးမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)



## တောင်ဥက္ကလာပမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

တောင်ဥက္ကလာပမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မင်္ဂလာလမ်းမပေါ်တွင် ဦးသန်းဝင်း(ခ)ဖက်တီး မောင်းနှင်၍ အောင်ထွန်းသိန်း လိုက်ပါလာသည့် TOYOTA ALPHARD အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ကို လည်းကောင်း**(အပေါ်ပုံ)**၊ အလားတူ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်မျိုးထွေးနှင့် မြတ်ကျော်ထွန်းတို့အား စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများက စစ်တောင်းမြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်နေသည့် ဒေသခံပြည်သူများကို Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူ လေးဦး သေဆုံး၊ ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် တနော်ကျွန်းကျေးရွာအနီး စစ်တောင်းမြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်နေသည့် ဒေသခံပြည်သူများကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

**ထိခိုက်ဒဏ်ရာများရရှိ**

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲပိုင်း ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဝေါမြို့နယ် တနော်ကျွန်းကျေးရွာအနီး စစ်တောင်းမြစ်ကမ်းဘေးရှိ ဒေသခံပြည်သူများ အလုပ်လုပ်ကိုင်နေသည့် သဲကွင်းနေရာသို့ PDF အမည်ခံ အကြမ်းဖက်သမားများက အမြင့်မီတာ ၅၀၀ ခန့်အကွာမှ Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အေးချမ်းစွာ အလုပ်လုပ်ကိုင်လျက်ရှိသော အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား လေးဦး သေဆုံးပြီး အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦး၊ ပေါင်း ခြောက်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

**ဆက်လက်ဆောင်ရွက်လျက်ရှိ**

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ ဝေါမြို့နယ် တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား သေဆုံး၊ ဒဏ်ရာရရှိအောင် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



PDF အမည်ခံ အကြမ်းဖက်သမားများက စစ်တောင်းမြစ်ကမ်းဘေးရှိ သဲကွင်း၌ အလုပ်လုပ်ကိုင်နေသည့် ဒေသခံပြည်သူများကို Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ

# တိုင်းပဲခူး၏ MSME လုပ်ငန်းများမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီ

**မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း ၉၀ ကျော်သည် လုပ်ငန်းငယ်များ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းပေါင်း လေးသောင်းကျော်ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် အသေးစား၊ အငယ်စား နှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးရေးကို ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်အတွက်လည်း ရည်ရွယ်သည်။**

မြတ်သူ

### ဈေးကွက်ခိုင်မာရေးအရောင်းစင်တာဖွင့်လှစ်

ထို့ကြောင့် MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖော်ဆောင်ကြိုးပမ်းရာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည်လည်း တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးမှုရရှိစေရန်အတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ခိုင်မာရေးကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ သီရိဥသ္သာဈေး၌ ပြသထားသော ဒေသထုတ်အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

### နိုင်ငံတော်က ပို့ကုန်တိုးမြှင့်ရေး အကောင်အထည်ဖော် ကြိုးစားခြင်းဖြစ်

"MSME လုပ်ငန်းတွေ ဖွံ့ဖြိုးစေဖို့ အကောင်အထည်ဖော်ဆောင်ရွက်ကြတဲ့အခါ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက် ဒါတွေက အဓိက လိုအပ်ချက်အဖြစ် တွေ့ရတယ်။ အခု ဒီစင်တာကတော့ ဈေးကွက်အခွင့်အလမ်းကို MSME လုပ်ငန်းတွေ တစ်စုတစ်တည်း၊ တစ်နေရာတည်းကနေ ရရှိနိုင်ဖို့အတွက်ပါ။ အရင်းအနှီးအတွက် နိုင်ငံတော်က နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေကတစ်ဆင့် ဆောင်ရွက်ပေးတာရှိတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ကူညီဆောင်ရွက်ပေးတာရှိတယ်။ နည်းပညာအတွက်လည်း ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်ပြီး သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆောင်ရွက်ပေးနေတာရှိတယ်။ ဒါက နိုင်ငံတော်က ဖော်ဆောင်နေတဲ့ ပို့ကုန်တိုးမြှင့်ရေး ရည်ရွယ်ချက်ကို နည်းလမ်းတစ်ခုနဲ့ အကောင်အထည်ဖော် ကြိုးစားခြင်းလည်း ဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောကြားသည်။

တိုင်းဒေသကြီးအတွင်းရှိ MSMEsလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးမှုရရှိနိုင်ရန် ရည်ရွယ်သည့် ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာကို ပဲခူးမြို့ သီရိဥသ္သာဈေးတွင် ဖွင့်လှစ်ထားရှိပြီဖြစ်သည်။

"ကျွန်မလို အသေးစား၊ အငယ်စား လုပ်ငန်းရှင်တွေအတွက် အလွန်ကောင်းမွန်တဲ့အစီအစဉ် ဖြစ်ပါတယ်။ အရင်ကဆိုရင် ကျွန်မတို့ရဲ့ ကုန်ပစ္စည်းတွေ ဈေးကွက်တင်ရောင်းဖို့အတွက် အရောင်းဆိုင်တွေကို သွားပြီး တင်ရောင်းပေးဖို့ မေတ္တာရပ်ခံခဲ့ရတယ်။ အဆင်ပြေတာတွေရှိသလို အဆင်မပြေခဲ့တာတွေလည်း ရှိခဲ့တယ်။ အခုတော့ ပဲခူးအရောင်းစင်တာမှာ ကျွန်မတို့ ရောင်းနေတဲ့ဈေးအတိုင်း တင်ရောင်းပေးတဲ့အတွက် ရောင်းအားပိုကောင်းလာလို့ ထုတ်လုပ်မှုလည်း တိုးတက်လာခဲ့ပါတယ်"ဟု စင်တာတွင် ပါဝင်ရောင်းချသည့် အသင့်စား ရွှေတောင်ခေါက်ဆွဲ၊ ကော်ရည်ခေါက်ဆွဲ၊ အုန်းနို့ခေါက်ဆွဲနှင့် ထမင်းသုပ် လုပ်ငန်းရှင် ဒေါ်ဥမ္မာကျော်က ပြောသည်။

အဆိုပါစင်တာတွင် တိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင် စသည့် ခရိုင်ခြောက်ခရိုင်မှ စိုက်ပျိုးရေးကို အခြေခံသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေး လုပ်ငန်းသုံးကုန်ပစ္စည်းများကို ရရှိနိုင်ပြီဖြစ်သည်။

### ဒေသထွက်တွေကို တစ်နေရာတည်းမှာ ဝယ်လို့ရ

"ဒီစင်တာမှာက ပဲခူးဒေသထွက်ကုန်တွေ တော်တော်များများ တွေ့ရတယ်။ ထုတ်ကုန်အလိုက် တိုက်ရိုက်ရောင်းချတာဖြစ်တဲ့အတွက် ဈေးမကြီးဘူး။ ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက်လုံး အဆင်ပြေစေတဲ့နေရာလေးတစ်ခုပါ။ ဥပမာဆိုရင် ကျွန်မတို့လို ခရီးသွားပြည်သူတွေအတွက် ပြည်က ထမင်းသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ တောင်ငူက ကော်ဖီမှုန့်ဖတ်ခြောက်၊ ပဲခူးက ငါးချဉ်၊ ငါးပိငါးခြောက် စသည်ဖြင့် တိုင်းဒေသကြီးထဲက ဒေသထွက်တွေကို အပြန်လက်ဆောင်ကို ဈေးနှုန်းသက်သက်သာသာနဲ့တစ်နေရာတည်းမှာ ဝယ်လို့ရတာပေါ့" ဟု ပဲခူးမြို့သို့ ဘုရားဖူးလာရောက်သည့် မကွေးမြို့မှ ဒေါ်မြိုင်က ပြောကြားသည်။



ဒေသထုတ်ကုန်ပစ္စည်းများအား ပြည်သူများဝယ်ယူနေမှုကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ရေး လုပ်ငန်း ၁၀၂၈ ခု၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်း ၃၀၃၂ ခု စုစုပေါင်း လုပ်ငန်းပေါင်း ၄၀၆၀ ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတူအစုအဖွဲ့အလိုက်၊ စက်မှုလုပ်ငန်းများ အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစားကုန်ထုတ်လုပ်ရေးလုပ်ငန်း ၁၀၂၈ ခု၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်း ၃၀၃၂ ခု စုစုပေါင်း လုပ်ငန်းပေါင်း ၄၀၆၀ ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတူအစုအဖွဲ့အလိုက်၊ စက်မှုလုပ်ငန်းများ အလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစီမံချက်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီကို ဦးစွာဖွဲ့စည်းထားရှိပြီးဖြစ်သည်။

### ဒေသအတွင်း ဈေးရောင်းပွဲတော်များကို ကျင်းပလျက်ရှိ

ယင်းအေဂျင်စီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ထုတ်ကုန်များ အားပေးမြှင့်တင်ရန်အတွက် ဒေသအတွင်း MSME ဈေးရောင်းပွဲတော်များကို ကျင်းပလျက်ရှိသည်။ ထို့ပြင် MSME လုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့စေရန် ရည်ရွယ်သည့် MSME Talk Show များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"တိုင်းဒေသကြီးအတွင်းမှာ ပြည်ပက တင်သွင်းနေရတဲ့ ကုန်ပစ္စည်းတွေနေရာမှာ ဒေသထွက်ပစ္စည်းတွေနဲ့ အစားထိုးသုံးစွဲနိုင်ဖို့အတွက် အစီအစဉ်တွေ စနစ်တကျ ရေးဆွဲပြီး အကောင်အထည်ဖော်နေတာလည်း ရှိပါတယ်။ ဥပမာ စိုက်ပျိုးရေးအတွက် ပြည်ပက ဓာတ်မြေဩဇာတွေနေရာမှာ ဒေသရဲ့ သဘာဝမြေဩဇာထုတ်လုပ်မှု တိုးတက်အောင် အစားထိုးနိုင်အောင် ကြိုးပမ်းနေပါတယ်။ မွေးမြူရေးလုပ်ငန်းအတွက် ဒေသက လုပ်ငန်းတွေကို နည်းပညာ၊ အရင်းအနှီးရရှိရေးကို သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ဒေသတွင်းမှာ မွေးမြူရေးလုပ်ငန်းတွေ အားပေးဖို့ မွေးမြူရေးလုပ်ကိုင်သူတွေအတွက် မွေးမြူရေးဇုန် ဖော်ထုတ်နေတာလည်း ရှိပါတယ်။ ပြီးတော့ ဒေသMSME လုပ်ငန်းထဲမှာ ပါဝင်တဲ့ သစ်အခြေခံ မြန်မာ့လက်မှု လုပ်ငန်းတွေ အဆင်ပြေစေဖို့ ကုန်ကြမ်းရရှိအောင် ရောင်းချပေးတာလည်း ရှိပါတယ် " ဟု စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေ ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု အဆင်ပြေလွယ်ကူစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှတစ်ဆင့် ချေးငွေပေးအပ်လျက်ရှိသည့် အပြင် ပုဂ္ဂလိကဘဏ်များ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် သမဝါယမချေးငွေရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ MSME လုပ်ငန်းရှင် ၅၆၅ ဦးအား ချေးငွေကျပ် ၁၀၄၉၁ ဒသမ ၂၈၄ သန်း ထုတ်ချေးထားကြောင်း သိရသည်။

"အရင်က လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ချင်ခဲ့တာ ငွေကြေးမလုံလောက်လို့ မလုပ်နိုင်ခဲ့ဘူး။ အခုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေက ထုတ်ချေးပေးတဲ့ ချေးငွေရရှိခဲ့လို့ စက်ယူနစ်အသစ်တွေ ဝယ်ယူတပ်ဆင်နိုင်ခဲ့ပြီး ပြည်ပဈေးကွက်ရရှိဖို့ ကြိုးစားဆောင်ရွက်နေပါပြီ" ဟု Light House အမှတ်တံဆိပ် ကော်ဖီလုပ်ငန်းရှင် ဦးဇေယျာမင်းက ပြောသည်။

သို့ဖြစ်ရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ပြည်တွင်း/ပြည်ပ အသုံးချနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ကာ ဒေသစီးပွား၊ နိုင်ငံ့စီးပွား တိုးတက်အောင် ကြိုးပမ်းလျက် ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာ့အလင်း



## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊(၁၈)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ငွေလုံ၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ ဝဒသမ၃၈၃ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၆၀)၊
(ခ) အနောက်လားသော် - ငွေလုံလမ်း၊ဦးပိုင်(၁၂)၊
(ဂ) တောင်လားသော် - ဦးပိုင်(၅၇+၉)၊
(ဃ) မြောက်လားသော် - ဦးပိုင်(၇+၈)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်လွင်လွင်သက်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့ မတိုင်မီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ်(ပ-၂၃၄၄၀)၊ ဧရိယာ(ဝဒသမ၁၁၀)ဧကရှိမြေနှင့်ပတ်သက်၍ ကျွန်တော်ဦးလွင်ဦး (ဘ)ဦးသိန်းလွင် ၂/လကန(နိုင်) ၀၃၁၆၇၁သို့ ဒေါ်ခင်ဝင်းမြင့် (ဘ) ဦးကျော်မြိုင်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂-၂-၂၀၁၆)ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်(၁၇၁/၂၀၁၆)ကို (၈-၁၁-၂၀၂၃) ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးလွင်ဦး ၂/လကန(နိုင်) ၀၃၁၆၇၁**
**ဖုန်း-၀၉-၄၃၀၇၈၃၁၅**

✳ *ကျောဖုံးမှ*

MFF Rhino Futsal Championship 2023 ပြိုင်ပွဲတွင် ဖူဆယ်လိဂ်-၁ ပြိုင်ပွဲဝင် အသင်းခုနစ်သင်း၊ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲဝင် အသင်းခြောက်သင်း၊ Carabao Amateur Cup ပြိုင်ပွဲမှ အသင်းခုနစ်သင်း၊ မန္တလာဖူဆယ်လိဂ်မှ အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ MFF Women's Futsal Championship 2023 ပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ စတင်၍ အသင်းစုစုပေါင်း ၁၀ သင်းဖြင့် အုပ်စုနှစ်စုခွဲကာ ကျင်းပသွားရန် စီစဉ်ထားသည်။

အမျိုးသမီး ဖူဆယ်အားကစားသမားများ ထွက်ပေါ်လာစေရန် MFF Women's Futsal Championship 2023 ပြိုင်ပွဲ စတင်ကျင်းပခြင်းဖြစ်ပြီး နှစ်စဉ်ကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ **ရဲရင့်လွင်**

❂ *ကျောဖုံးမှ*

နိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပွဲချိန် ၃၃ မိနစ်တွင် စပါးအသင်းမှ ရှိမီယို တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ထို့နောက် ပွဲချိန် ၃၃ မိနစ်တွင် ချယ်ဆီးအသင်း ပယ်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ပြီး ပယ်လ်မာ အဆုံးသတ်သွင်းယူခဲ့သည်။ ပွဲချိန် ၅၅ မိနစ်တွင် စပါးအသင်းမှ အူဒိုဂီ နှစ်ဝါ တစ်နီဖြင့် ထပ်မံအထုတ်ခံခဲ့ရသည့်အတွက် စပါးအသင်းသည် လက်ကျန်ပွဲချိန်များကို နှစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ထို့နောက်တွင် စပါးအသင်း၏ ကစားအား ကျဆင်းသွားခဲ့ပြီး ချယ်ဆီးအသင်းက တရစပ် ဖိအားပေး တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် ဒုတိယဂိုး၊ တတိယဂိုးနှင့် စတုတ္ထဂိုးကို တိုက်စစ်ကစားသမား နီကိုလပ်စ်ဂျက်ဆင်က ပွဲချိန် ၇၅ မိနစ်၊ ၉၄ မိနစ်နှင့် ၉၇ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

စပါးအသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့မှုကြောင့် အမှတ်ပေးဇယားဦးဆောင်ခွင့်နှင့် လွဲချော်ခဲ့သည်။ ပြိုင်ဘက် ချယ်ဆီးအသင်းက ယခုပွဲအနိုင်ရရှိမှုကြောင့် ၁၁ ပွဲတွင် လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်ဖြင့် အဆင့် (၁၀) တွင် ရပ်တည်နိုင်ခဲ့သည်။ **အောင်ဇော်**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)-(RA-2)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၃၃၉)၊ အကျယ်အဝန်း (၁၀၀' x ၁၀၀')ရှိ မြေကွက်နှင့်တကွ ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၄၆၇၈/၂၀၂၀)အရ ဦးနိုင်ထွန်း ၁၂/တတန(နိုင်)၁၀၅၇၇၈ အမည်ဖြင့် ရရှိထားသည့်မြေကွက်ဖြစ်ပြီး ၎င်းမှ မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ်(308)၊ Office Tower(3), Time City , ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးစည်သူထွန်း | ငွေဆောင် | ရပ်ကွက် ၃ | ၁၉၈၆-(ပြင်)/ ကျောက်ကြီးပြင် | ၂၈/၉၉ | ၀.၀၈၇ | အသစ် |
| ၂ | ဦးသက်ပိုင်စိုး | ငွေဆောင် | ရပ်ကွက် ၃ | ၁၉၈၆-(ပြင်)/ ကျောက်ကြီးပြင် | ၂၈/၂၆ | ၀.၀၈၇ | အသစ် |
| ၃ | ဦးခန့်ခန့်ဝင်းရွှေ | ငွေဆောင် | ရပ်ကွက် ၃ | ၁၉၈၆-(ပြင်)/ ကျောက်ကြီးပြင် | ၂၈/၇၁ | ၀.၀၈၈ | အသစ် |
| ၄ | ဒေါ်တိုးတိုးအောင် | ငွေဆောင် | ရပ်ကွက် ၃ | ၁၉၈၆-(ပြင်)/ ကျောက်ကြီးပြင် | ၂၈/၁၅၀ | ၀.၀၄၃ | အသစ် |
| ၅ | ဦးဇော်လင်းဦး၊ ဒေါ်ခင်ယင်းမာ | ငွေဆောင် | ရပ်ကွက် ၃ | ၁၉၈၆-(ပြင်)/ ကျောက်ကြီးပြင် | ၂၈/၈၀ | ၀.၁၃၉ | အသစ် |
| ၆ | ဦးကျော်စွာဝင်း | ငွေဆောင် | သဇင် | ၁၉၈၈-ပြင်/သဇင်ပြင် | ၃၀၅/၄၄ | ၀.၁၃၉ | အသစ် |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်1B/3805 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ လမ်းမကြီး (၅)လမ်း၊ အိမ်အမှတ် (၁၂) နေ ဦးခင်မောင်ဌေး-ဒေါ်သန်းနွဲ့တို့၏သားဖြစ်သူ မောင်သက်မှူးပိုင်(ခ)ပိုင်ထူး ၁၀/မဒန(နိုင်)၁၉၈၉၈၀ သည် မိဘစကားကို ဆန့်ကျင်ပြီး သူ၏စိတ်သဘောအလျောက်ပြုမူဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဌေး** **ဒေါ်သန်းနွဲ့**
**၁၀/မဒန(နိုင်)၀၂၉၆၄၈** **၁၀/မဒန(နိုင်)၀၁၂၈၆၇**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီး တက္ကသိုလ်၊ စိတ်ပညာ စတုတ္ထနှစ်မှ မလွဲ့လွဲ့နိုင် ၁၃/တကန(နိုင်) ၃၀၄၀၈၀ ၏ ဖခင် ဦးတင့်နိုင်ဦး (ခ) ဦးသက်နိုင်ဦး ၁၃/တကန(နိုင်) ၁၃၅၇၁၇ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8529 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ စောရွှေအောင်(ဘ)ဦးနဲကီး ၃/လဘန(နိုင်) ၁၇၁၉၅၁၏ Passport No MB 107710မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၀၁၁၄၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/6256, Toyota Corolla 160 S/L(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝေဇင်ဖြိုး ၁၂/ကမတ(နိုင်)၀၆၅၈၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမက အင်းဝင်းကျောင်း၌ မူအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်စမ်းစမ်းဝင်း၏ အမည်မှန်မှာ ဒေါ်စန်းစန်းဝင်း ၉/သစန(နိုင်)၀၃၀၉၈၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမက ထန်းကန်ကျောင်း၌ မူအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးဝင်းလှိုင် ၉/သစန(နိုင်)၀၀၀၅၀၈ ၏ ဖခင်အမည်မှန်မှာ ဦးအောင်မောင်း ဖြစ်ပါကြောင်း။

## အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် ကြေညာချက်

(၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့်( ၂၀၂၁-၂၀၂၂) ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၏ ဆုချီးမြှင့်ပွဲတွင် ဆုတက်ရောက်ယူရန် စာရင်းပေးထားသော Top Ten နှင့် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများ သိစေရန် ကြေညာအပ်ပါသည်။

အောက်ပါနေ့ရက်တွင် ဆုချီးမြှင့်ပွဲ ကျင်းပပြုလုပ်ပါမည်-

**နေ့ရက်** - ၂၅-၁၁-၂၀၂၃ရက်(စနေနေ့)
**အချိန်** - နံနက် ၉နာရီ(နံနက် ၈နာရီ) နေရာယူအပြီး ဖြစ်ရပါမည်။
**နေရာ** - ဒဂုံသီရိခန်းမ (အထက-၁)ဒဂုံ
**မှတ်ချက်-အစမ်းလေ့ကျင့်မည့်နေ့-** ၂၄-၁၁-၂၀၂၃ရက်၊ နံနက် ၉နာရီ၊ နံနက် ၈ နာရီ နေရာယူအပြီး ဖြစ်ရပါမည်။

- ကျောင်းသား/ကျောင်းသူ များသည် ကျောင်းဝတ်စုံ(အဖြူ/အစိမ်း)နှင့် တက်ရောက်ရပါမည်။
- ကိုယ်စားတက်ရောက်ယူမည့် မိဘ/အုပ်ထိန်းသူများလည်း တက်ရောက်ရပါမည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊**
**မိဘဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့(အထက-၁၊ ဒဂုံ)**

## အမည်ပြောင်း

ဦးနေမျိုးထွန်း ၇/ကတခ(နိုင်) ၀၉၇၅၂၇၏သား မြင်းခြံမြို့၊ ရှားတောကျေးရွာ မူလွန် G-4မှ မောင်ရဲသံလွင်အား မောင်ရှိန်းဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရှိန်းဘုန်းမြတ်**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ဦးလှဖြူကြီး၏သမီး မအေးငြိမ်းဇံ ၁၁/စတန(နိုင်)၀၆၇၇၂၇၏ Passport Number M-623265 မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၇၃၁၄၅၅**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ စမုံတဲအုပ်စု၊ နတ်ပြင်ကျေးရွာနေ (ဘ)ဦးထွန်းကျော်ဖြူ၏သမီး ဒေါ်ခင်သန်းဝင်း ၁၁/မအန(နိုင်)၀၀၀၀၁၂ ၏မွေးသက္ကရာဇ်အမှန်မှာ ၂၁-၃-၁၉၆၉ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဒါလီးလမ့်ရွှေ ၄/တတန(နိုင်)၀၅၅၆၁၁ အသက်(၃၂)နှစ် ၏ Passport မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန် တောင်းခံပါသည်။

**ဖုန်း-၀၉-၄၀၃၃၇၇၂၀၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ ဝဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၂၈၀၄)ကို အမည်ပေါက် ဒေါ်ဥမ္မာအေး(ဘ)ဦးအေးဖေ ၁၂/မဂတ(နိုင်) ၀၀၆၃၁၅ ၏အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ဟေဇင်(ခ)အေးဇင် (ဘ) ဦးတင်လှ ၇/ရတရ(နိုင်)၁၀၈၃၇၅ မှ ဦးစိုးမင်း (ဘ)ဦးကြည်အောင် ၉/လဝန(နိုင်)၁၃၅၉၄၁ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၇၄/၂၀၂၀ (၆-၇-၂၀၂၀)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ မြိတ်တောင် ရပ်ကွက်၊ ဇေယျာသီရိ(၁)ရပ်၊ အောင်ချမ်းသာ(၄)လမ်းနေ ဦးတင်မောင်၏သမီး ဒေါ်တင်လှ ၆/မအရ(နိုင်) ၀၁၁၃၅၂၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၂၅-၁၁-၁၉၇၁ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ဇေယျာသီရိ(၂)ရပ်၊ ရွှေလိပ်ပြာလမ်း၊ အမှတ်(၁၂)နေ ဦးလှညွှန့်၏သမီး ဒေါ်မာမာချို ၆/မအရ(နိုင်) ၀၇၄၀၀၆ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၁၄-၈-၁၉၇၂ ဖြစ်ပါကြောင်း။

## သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ မြို့တွင်းရပ်၊ ဗဟိုစည်လမ်း၊ အမှတ်(၈၀)နေ ဦးဉာဏ်ဝင်း(ကွယ်လွန်)နှင့် ဒေါ်ကြီးမြင့်(ခ)ဒေါ်အေးမြင့်တို့၏သား ဦးကျော်ငြိမ်းအောင်(ခ)အာလီ ၆/ထဝန(နိုင်)၀၇၀၉၅၃အား မိဘများမှ ၎င်းရသင့်ရထိုက်သည့်အမွေများအား ခွဲဝေပေးပြီးဖြစ်သော်လည်း မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘညီအစ်ကိုမောင်နှမများအား အမျိုးမျိုး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နှောင့်ယှက်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမဆို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြီးမြင့်(ခ)ဒေါ်အေးမြင့်**

## ဇန်းမော်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**ဇန်းမော် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် မံရေးကျေးရွာ ရွှေတာပိန်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းရှိ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းသား တောင်သူများအား စပါးများ ရိတ်သိမ်းချိန်တွင် လေလွင့်မှုနည်းပါးရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။ အဆိုပါအသင်းတွင် အသင်းသားတောင်သူ ၆၅ ဦး၊ စိုက်ဧက ၁၂၀ ရှိပြီး ဆင်းကေရီ-၃ စပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အလိမ္မာ စာမှာရှိ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစီမံကိန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် သတ်မှတ်ထားသည့် အမျိုးအစား၊Specificationအတိုင်း တိကျမှန်ကန်စွာတင်သွင်းနိုင်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

**Lot-1 -တီရှပ်၊ စပို့ရှပ်၊ ဦးထုပ်**

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များအား တင်ဒါစည်းကမ်းချက်တွင် ပူးတွဲဖော်ပြထားပြီး တစ်စောင်လျှင် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါအတိုင်းရောင်းချမည်ဖြစ်ပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်-

(က) **စတင်ရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၃ ရက်မှ ၂၂-၁၁-၂၀၂၃ ရက် ၁၆:၀၀နာရီထိ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၁-၂၀၂၃ ရက် ညနေ ၁၆: ၀၀နာရီ

(ဂ) **တင်ဒါဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရန်** - စီမံ၊ ထောက်ပံ့နှင့် ဘဏ္ဍာဌာန၊ ထောက်ပံ့ဌာနခွဲ ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၀၆၆/ ၄၃၁၃၆၇ တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၆)၊ ဦးပိုင်အမှတ်၅၇(ခဲစင်း)၊ ၅၄ x ၅၅ လမ်းကြား၊ သိပ္ပံလမ်းနှင့်Aလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုရဲမှူးကြီးဦးသာဦး (ငြိမ်း)၏(SPရသူ ဦးညီညီနိုင် (ခ)ဆေးရ်ဗဟာဒူး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၉၀/၂၀၂၃) ဖြင့် ဦးဂျေဗဟာဒူး ၊ ဒေါ်ခိုမ်ကူမာရီတို့ကဝယ်ယူခဲ့ပြီး ဦးဂျေဗဟာဒူးပါ(၂)၏(SPရသူ ဦးအောင်ရဲ) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၂၇/၂၀၂၁) ဖြင့် ဝယ်ယူခဲ့သူ ဦးတူးရင်းဖ ၁၃/ကခန(နိုင်)၀၃၀၆၉၀ ၏ (SP ရသူ ဒေါ်နန်းခမ်းမွန်) က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၇၈၂/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး /ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၅)၊ ဦးပိုင်အမှတ်(၁၉+၂၈)၊ ၆၂လမ်း၊ ၂၉ x ၃၀ လမ်းကြားရှိ ဦးတင်မောင်အမည်ပေါက်ဂရန်မြေကွက်အား(ဖခင်) ဦးတင်မောင်၊ (မိခင်)ဒေါ်ခင်ခင်ရီ တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၉၃၉/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့်သား၊ သမီးများဖြစ်သော ဦးတင်မောင်ဦး၊ ဦးဝင်းမောင်မောင်၊ ဒေါ်ခင်မြတ်သူ ၊ ဒေါ်ခင်မြတ်မူ၊ ဒေါ်ခင်မြတ်ဆွေ၊ ဦးဝင်းနိုင်ကိုကို တို့၏ (GP ရသူ ဦးနိုင်ငြိမ်း) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၆၇/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးစီတိုက်စင်း(ခ)ဦးမျိုးနိုင် ၉/မရမ(နိုင်)၀၈၁၁၇၉ က အမှုတွဲအမှတ် ၄၇၈၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၇၇/က ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၇)ထပ်တိုက်၏ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၁၂ လမ်း၊ တိုက်အမှတ် ၄၇၇/က(၃လွှာ)၊ အကျယ်အဝန်း ပေ(၂၄x၅၄) အကျယ်အဝန်းရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယင်းတိုက်၏မြေရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပြီး တရားဝင်ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်မေသက်နိုင် ၁၂/ဗဟန(နိုင်)၀၅၁၇၄၄ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၄-၁၁-၂၀၂၃ ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၀၂)**
**အမှတ်(၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁/ရှင်စောပု ၊ ဦးပိုင်အမှတ် (၁၀၉)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကအား ဒေါ်ယမင်းမိုးမိုး (ဘ) ဦးမိုးကျော်ဟန် ၂/ဘလခ(နိုင်)၀၀၂၈၇၇ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၉၁၃/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၃၀၁၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက ကိုအမည်ပေါက် ဦးကျော်စိုးလှိုင်(တရားရှုံး)ကိုယ်စား အနိုင်ဒီကရီရရှိသူ ဦးသီဟဇော်နိုင် (ဘ) ဦးသန်းအောင် ၅/ရဘန(နိုင်) ၁၆၉၇၃၁ မှ မြေငှားစာချုပ်တွင် လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်၊ တရားရုံး၏ တရားမကြီးမှုအမှတ် ၈/၂၀၂၃၊ တရားမဇာရီမှုအမှတ်တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

